# ကြေးမုံ

The Mirror

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (16-2-2010) (၆၁၁၆)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၆

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ
ခင်မောင်သန်း(စက်မှု)

အဆင်အပြင်
ဖြိုးစန္ဒာမြင့်



ဖောင်းလောင်ရေလှောင်တမံ စီမံကိန်းတွင် တည်ဆောက်ပြီးစီးနေသော ရေပိုလွှဲကို တွေ့ရစဉ်။

# နေပြည်တော်တွင် စိုက်ပျိုးရေ ဖြည့်ဆည်းပေးမည့် ဖောင်းလောင်ရေလှောင်တမံတည်ဆောက်

နိုင်ငံတော်အစိုးရသည် သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်လာစေရေးကို ရှေးရှု၍ အချိန်တိုကာလအတွင်း ပြီးစီးနိုင်မည့် ဆည်မြောင်းစီမံကိန်း အသေးစား၊ အလတ်စားများကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာတွင် နေပြည်တော်ခရိုင် ဖောင်းလောင်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် တမံအလျား ၉၂၅ ပေနှင့် အမြင့် ၆၅ ပေ ရှိသော ဖောင်းလောင်ရေလှောင်တမံလည်း အပါအဝင်ဖြစ်သည်။ တမံတည်ဆောက်ပြီးပါက ရေပမာဏပေါင်း ၁၂၂၅၇ ဧကပေခန့်ကို သိုလှောင်၍ ဧက ၄၀၀ ခန့် ရေပေးဝေနိုင်မည်ဖြစ်သည်။ ဖောင်းလောင်ရေလှောင်တမံ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



# လက်ဖက်၊ ဆားချိုသီး၊ နဂါးမောက်နှင့် ကျောက်မဲမြို့

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

လားရှိုးမြို့မှ မန္တလေးသို့ အပြန်ခရီးတွင် လမ်းတစ်လျှောက်ရှိ မြို့နယ်များ၌ ဝင်ရောက်လေ့လာဖြစ်ခဲ့ရာ ကျောက်မဲမြို့လည်း အပါအဝင်ဖြစ်သည်။ မူလစီစဉ်ထားသည့်အတိုင်း ကျောက်မဲမြို့၌ ညအိပ်ရပ်နားဖြစ်ခဲ့ရာ ဒေသနှင့် ပတ်သက်သည်များကို ပိုမို၍ပြည့်ပြည့်စုံစုံသိခွင့်ရခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✡

ကျောက်မဲမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဆောက်အအုံကို တွေ့ရစဉ်။

၁၆-၂-၂၀၁၀
(အင်္ဂါနေ့)

# လမ်းကွန်ရက်များ တိုးချဲ့ပေါ်ထွက် တံတားသစ်များ တည်ဆောက်ဖွင့်လှစ်

နိုင်ငံတစ်ဝန်းတွင် ကားလမ်း၊ ရထားလမ်းသစ် အများအပြားကို ဖြန့်ကြက်ဖောက်လုပ်ပေးထားပြီး၊ မြစ်ကူး၊ ချောင်းကူး တံတားကြီးငယ် အသွယ်သွယ်ကိုလည်း တည်ဆောက်ပေးနေသည်။ ဒေသအလိုက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာပြီး ကူးသန်းဆက်သွယ် ရောင်းဝယ်မှုများ ဖွံ့ဖြိုးစည်ပင်လာလျက်ရှိသည်။

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနား လမ်းပေါ်ရှိ သီရိမင်္ဂလာခုံးကျော်တံတားကို ဖေဖော်ဝါရီ ၁၃ရက်က ဖွင့်လှစ်လိုက်သည်။ သံကူကွန်ကရစ်တံတားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန်၆၀ ဖြစ်သည်။ တံတားအရှည်မှာ ၄၈၅ပေရှိသည်။

ဧရာဝတီမြစ်ကူး ရတနာပုံတံတားကြီး၏ စစ်ကိုင်းဘက်ခြမ်း ချဉ်းကပ်လမ်းသည် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနား ကားလမ်းအဖြစ် တံတားထိပ်မှ နှစ်မိုင်ခန့်အကွာတွင် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနား ရထားလမ်းနှင့် လာရောက်တွေ့ဆုံသည်။ နေ့စဉ်အစုန်-အဆန်ရထား အစင်းပေါင်း ၃၀ခန့် ဖြတ်သန်းနေသောကြောင့် ရတနာပုံတံတားကြီးမှ ဆင်းလာသည့်ယာဉ်များသည် ရထားဖြတ်သန်းစဉ် စောင့်ဆိုင်းနေကြရကာ သွားလာမှု အချိန်ကြန့်ကြာခဲ့ရသည်။

ယခုသော် သီရိမင်္ဂလာခုံးကျော်တံတားကို ဖွင့်လှစ်လိုက်သဖြင့် ရထားဖြတ်သန်းစဉ် စောင့်ဆိုင်းစရာ မလိုတော့ပေ။ အဆိုပါ ခုံးကျော်တံတားပေါ်မှ မုံရွာ၊ ပခုက္ကူတို့သို့ သွားလာနိုင်ကြပြီ။ ရွှေဘိုမှတစ်ဆင့် မြစ်ကြီးနားသို့ အချိန်ကုန်သက်သာစွာ သွားလာနိုင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှု လွယ်ကူစွာသွားလာနိုင်ရေး အကျိုးပြုနေပြီ။

လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ တိုးတက်တည်ဆောက်နိုင်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာသည်။ ဒေသတွင်းနှင့် နိုင်ငံတစ်ဝန်းမှ ကုန်စည်များ လွယ်ကူစွာ သယ်ယူပို့ဆောင်လာနိုင်ကြပြီ။ သီရိမင်္ဂလာခုံးကျော်တံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နိုင်ငံတစ်ဝန်း၌ တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် ၂၃၆စင်းမြောက်တံတားဖြစ်ပြီး စစ်ကိုင်းတိုင်း၏ ၁၇စင်းမြောက်တံတားလည်း ဖြစ်သည်။

ယခုအခါ နိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းများအားလုံး ဆက်သွယ်သွားလာနိုင်မည့် ကားလမ်း၊ ရထားလမ်းကွန်ရက်များနှင့် တံတားပေါင်းများစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးထားပြီ။ နိုင်ငံတော်က အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနိုင်မှုကြောင့် နိုင်ငံနှင့်ဒေသ၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာနေပြီ ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ်အစည်းအဝေးကို ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E .Mr. Phaitoon Kaeothong တို့ ဦးဆောင်၍ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ် အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ် အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Phaitoon Kaeothong ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြသည်။ ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E .Mr. Phaitoon Kaeothong တို့က ဦးဆောင်၍ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား နိုင်ငံသားစိစစ်ရေး၊ တရားဝင်ဖြစ်လာစေရေးနှင့် မြန်မာအလုပ်သမားသစ်များအား ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ်အစည်းအဝေး သဘောတူညီချက်မှတ်တမ်း လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တက်ရောက်ကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဖေဖော်ဝါရီ ၁၂ ရက်တွင် ပုဂံမြို့ရှိ နန်းမြင့်မျှော်စင်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံမြို့ရှိ အာနန္ဒာ၊ ရွှေစည်းခုံနှင့် ဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ယွန်းပညာကောလိပ်သို့လည်း သွားရောက်လေ့လာကြသည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၁၄ ရက်ညတွင် ရန်ကုန်မြို့ရှိ ဟိုတယ်ရန်ကုန်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့တွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်ကြကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

# ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "သယ်န်းကျွန်းဈေးကြီးမီးလောင်ရာ ဆိုင်ခန်းပေါင်း ၆၅၀ ကျော်ဆုံးရှုံး၊ ပန်းဆိုးတန်းလမ်းတွင် မီးလောင်မှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံး၊ လမ်းဘေး အခွေအရောင်းဆိုင်များအတွက် ဈေးသက်သာသည့် တရားဝင်တေးစီးရီးခွေများ စီစဉ်နေ၊ ပြည်တွင်းရေကြောင်းသင်္ဘောများတွင် ရေဒါစနစ်ဆက်လက်တပ်ဆင်မည်၊ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးသို့ ပြင်ဦးလွင်မှ နေ့ချင်းပြန် သွားရောက်လေ့လာနိုင်၊ အကယ်ဒမီပွဲ၏ အတွေးပုံရိပ်များ၊ နေပြည်တော်၌ အခန်းပေါင်း ၂၀၀ ပါဝင်၍ ခြောက်ထပ်မြင့်မည့် ကြယ်လေးပွင့်အဆင့် ဟိုတယ်ကြီး တည်ဆောက်နေ၊ Miss Tourism ရွေးချယ်ပွဲ ကျင်းပပြီးစီး၊ ရန်ကုန်မြို့တွင် ဆုငွေကျပ်သိန်း ၈၀ ကျော်ချီးမြှင့်မည့် မောင်မြန်မာစက်ဘီးစီးပြိုင်ပွဲကျင်းပမည်၊ ရှေ့လတွင် မြန်မာ-ဗီယက်နမ် တိုက်ရိုက်လေကြောင်း စတင်ပျံသန်းမည်၊ မြို့နယ်လေးခု၌ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားနေ၍ ရောဂါပိုးတွေ့ရှိသူ ၄၀ ခန့်ရှိ၊ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့်တိုင်းများကို တစ်နေ့တည်းလည်ပတ်နိုင်ပြီ၊ AFC Challenge Cup ပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်စွဲပါက ကျပ်သိန်း ၁၀၀၀ ချီးမြှင့်မည်၊ မြန်မာနိုင်ငံ၌ နှစ်နှစ်ခန့် ရောဂါကင်းစင်နေပြီးနောက် ကြက်ငှက်တုပ်ကွေးရောဂါ ပြန်လည်ဖြစ်ပွားနေ၊ MRTV-3 ကို ပြောင်းလဲဆန်းသစ်၍ Myanmar International ရုပ်သံလိုင်းအဖြစ် ထုတ်လွှင့်ရာတွင် ပြည်ပမှသတင်းတင်ဆက်သူများ ပါဝင်ဆောင်ရွက်မည်၊ ချူကလီးယားပိုင်သည့်နိုင်ငံဖြစ်ပြီဟု အီရန်သမ္မတကြေညာ၊ စီးကရက်စွဲနေသည့်မြွေ၊ Apple မှ ထုတ်လုပ်သော နောက်ဆုံးပေါ် i Pad သည် မူပိုင်ခွင့်ချိုးဖောက်ခဲ့ကြောင်း တရုတ်ကကြေညာ၊ တစ်ခါအိပ်လျှင် သီတင်းနှစ်ပတ်ကြာသည့် မိန်းကလေး၊ အဆတစ်ရာပိုမြန်သော မဟာမြန်နှုန်းမြင့် အင်တာနက်စနစ်ကို ထုတ်လုပ်သွားမည်၊ ခေါင်းလျှော်ရည်သုံးပြီးနောက် မိန်းကလေးတစ်ဦး ဆံပင်များ အဆုပ်လိုက်ကျွတ်ထွက်" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ၊ နိုင်ငံတော်အဆင့်ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်ခံပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ၊ အသင်းသားများသည်လည်းကောင်း၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများသည်လည်းကောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုဆုချီးမြှင့်ခံရသူများနှင့် တက္ကသိုလ်ပါရဂူဘွဲ့ရသူများသည် ဦးစိုးညွန့်(ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) (အတွင်းရေးမှူး) ဖုန်း-၃၉၈၂၀၀၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅၊ ဦးကြိုင်မြင့်(ပြန်ကြားရေးမှူး) ဖုန်း-၀၉-၈၇၀၂၂၆၄နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀၃၃၉၁၅တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြကြောင်း သိရသည်။

(ကြေးမုံ)



## ဂုဏ်ပြုဆုချီးမြှင့်

**အမက (၂၁) တာမွေမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်စိုး သူငယ်တန်းမှ ပထမဆုရရှိသူ မမေဖူးသော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ကြေးမုံ)

☆ ရှေ့ဖုံးမှ

စီမံကိန်းနယ်မြေသည် နေပြည်တော်ခရိုင်၊ ဥတ္တရသီရိမြို့၊ မီးလောင်ကုန်းကျေးရွာ အနီးတွင် တည်ရှိပြီး ၂၀၀၇ - ၂၀၀၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဖောင်းလောင်ရေလှောင်တမံ ပြီးစီးပါက နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးမည့် ဧက ၄၀၀ ကို စိုက်ပျိုးရေ ပေးဝေမည်ဟု သိရှိရသည်။

မိမိတို့သတင်းအဖွဲ့သည် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဦးစီးအရာရှိ ဦးဝင်းမြင့်ဦးနှင့် ဦးသန်းနိုင်ဦးတို့လိုက်ပါ၍ ပျဉ်းမနား-တောင်တွင်းကြီးကားလမ်းအတိုင်း ဖောင်းလောင်ရေလှောင်တမံ စီမံကိန်းနယ်မြေသို့ ထွက်ခွာခဲ့ရာ အောင်ချမ်းသာကျေးရွာသို့ ရောက်ရှိခဲ့သည်။ အဆိုပါရွာကို ဖြတ်ကျော်၍ အနောက်ဘက် လေးမိုင်ဝင်ရောက်ခဲ့ရာ ဖောင်းလောင်ရေလှောင်တမံ တည်ဆောက်နေသည့် နယ်မြေကို ရောက်ရှိခဲ့သည်။

နေပြည်တော်ပျဉ်းမနားတွင် ယခင်က ငလိုက်ရေလှောင်တမံမှ စိုက်ပျိုးရေ ပေးဝေနေသော်လည်း ငလိုက်ရေသောက် မရရှိသေးသော ကျွန်ဧရိယာများအတွက် ဖောင်းလောင်ရေလှောင်တမံမှ ဖြည့်ဆည်းရေ ပေးဝေမည် ဖြစ်သည်။ ထိုအခါ မိုးစပါး၊ နွေစပါး၊ ကြားသီးနှံ နှမ်း၊ မြေပဲ၊ နေကြာ၊ မတ်ပဲစသည်ဖြင့် စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ဖောင်းလောင် ရေလှောင်တမံစီမံကိန်းလုပ်ငန်းများအနက်မှ ရေထိန်းမျှော်စင်၊ ရေပိုလွှဲများပြီးစီးနေပြီ ဖြစ်သည်။

ယခုအခါ ဆည်ရေသောက်ဧရိယာသို့ ရေပို့လွှတ်နိုင်ရေးကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြောင်းမကြီးမှ လက်တံမြောင်းများအတွင်း ရေလွှတ်ပေး၍ လက်ကြားမြောင်းများမှတစ်ဆင့် လယ်မြေများဆီသို့ တိုက်ရိုက်ပေးပို့သွားမည်ဖြစ်သည်။

**ရေရရှိနေ**

နေပြည်တော်ပျဉ်းမနားတွင် ငလိုက်ရေလှောင်တမံနှင့် ရေဆင်းရေလှောင်တမံကြီးများက လယ်မြေဧက ပေါင်းသောင်းချီ၍ ရေပေးဝေလျက်ရှိသည်။ တပ်မတော်အစိုးရလက်ထက်တွင် ချောင်းမကြီးဆည်၊ တောက်ပြုဆည်၊ ပေါင်းလောင်းရေလှောင်တမံနှင့် ရေလွှဲဆည်များ တည်ဆောက်ပေးခဲ့ပြီး စပါးနှင့် သီးထပ်သီးညှပ်များ၊ ကြံ၊ ပြောင်း၊ နှမ်း၊ ပဲအမျိုးမျိုး တိုးချဲ့စိုက်ပျိုးလာနိုင်ကြပြီ ဖြစ်သည်။ မြို့သစ်၊ ကွက်သစ်များနှင့် ဝန်ထမ်းအိမ်ရာများအတွက်လည်း သောက်သုံးရေများ ပေးဝေလျက်ရှိပြီး ရေပန်းဥယျာဉ်နှင့် ပန်းခြံများအတွက်ပါ ရေရရှိနေသည်။

**ခံစားနေကြရ**

ဖောင်းလောင်ရေလှောင်တမံ ပြီးစီးသွားပါက စိုက်ပျိုးရေ၊ သောက်သုံးရေရရှိကြမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးများ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်အမှန်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်ပေါ်၊ မြေပြန့်၊ နယ်စပ်၊ ကမ်းရိုးတန်းစသည့် ဒေသအနှံ့တွင် ရေအရင်းအမြစ်များ ဖော်ထုတ်တည်ဆောက်ပေးခဲ့သည်။ အထူးသဖြင့် ပူပြင်းခြောက်သွေ့သောဒေသများ ရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးခဲ့ရာ ရေအကျိုးများ ခံစားနေကြရပြီ ဖြစ်ပေသည်။

ဖောင်းလောင်ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းတွင် တည်ဆောက်ပြီးစီးနေသော ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။





သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့(၁/၂၀၁၀) အစည်းအဝေးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး၌ သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၀)အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဘွဲ့နှင်းမွှာရုံ၌ ကျင်းပရာ သဘာပတိဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိက အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။**

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့၏ (၂/၂၀၀၉) အစည်းအဝေး မှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၉) အစည်းအဝေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဗဟိုပညာရေးအဖွဲ့ (၁/၂၀၁၀)အစည်းအဝေး တင်ပြချက်များနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့(ရန်ကုန်-မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြကာ သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူသည်။

(သတင်းစဉ်)

## CONCORDIA Int'l Co., Ltd. မှ လက်မှတ်ရအဆင့်မြင့် မြေတိုင်းသင်တန်းနှင့် GPS & Google Earth လက်တွေ့အသုံးချနည်းသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

CONCORDIA Int'l Co., Ltd. မှ လက်မှတ်ရအဆင့်မြင့် မြေတိုင်းသင်တန်း (၅/၂၀၁၀)ကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၃ ရက်အထိလည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချနည်း သင်တန်းကို မတ် ၁၀ ရက်မှ ၁၂ ရက်အထိလည်းကောင်း နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့၊ ရွှေဂုံတိုင်ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် မြေတိုင်းသင်တန်းနှင့် ပတ်သက်သော Total Station လက်တွေ့အသုံးချတိုင်းတာနည်း (Construction Servey၊Topo Graphic Servey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း)၊ Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် GPS နှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS downloading and Processing to Garmin Map source & Google Earth Software၊ မိမိတိုင်းတာထားသော Data များအား Mapsource Software နှင့် Google Earth Software တို့၌ Download နှင့် Processing များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့်သင်တန်း၌ မြေတိုင်းသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ သင်တန်းသားများလက်ခံခြင်း၊ Google Earth လက်တွေ့အသုံးချနည်း သင်တန်းကို မတ် ၁ ရက်မှ ၉ ရက်အထိ နောက်ဆုံးထား လက်ခံပေးသွားမည်ဖြစ်ပြီး အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် ဆက်သွယ်စုံစမ်းလိုပါက CONCORDIA Int'l Co., Ltd. 4th floor ရွှေဂုံတိုင်ပလာဇာ၊ ကမ္ဘာအေးစေတီလမ်း၊ ဖုန်း-၅၅၈၁၇၀၊ ၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၉၄၄၄နှင့် ၀၉-၅၀၀၅၉၁၂ တို့ထံ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဖတ်ကြား

**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့နယ်အားကစားကွင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစောညီညီထွေး ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားစဉ်။**

(ကြေးမုံ)



## ရန်ကုန်တိုင်း ပြန်/ဆက် ရုံးများအား လုပ်ငန်းတာဝန် ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်/မြို့နယ် ရုံးများအား ၂၀၁၀-၂၀၁၁ ခုနှစ် လုပ်ငန်းတာဝန်ပေးအပ်ပွဲကို အနောက်ပိုင်းခရိုင်(ကျောက်တံတား)၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး မြို့နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်တာဝန်ပေးအပ်ခဲ့သည်။

(တိုင်း ပြန်/ဆက်)



## ဟောပြော

**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က အမက (၁၄) ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စီက ဟောပြောစဉ်။**

(မြို့နယ် ပြန်/ဆက်)

# အာဖဂန်နစ္စတန်တွင် တာလီဘန်တို့ ခြေကုပ်စခန်းမှ ဆုတ်ခွာနေ

**ကဘူး ဖေဖော်ဝါရီ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက စစ်ဆင်ရေးဆင်နွှဲလျက်ရှိရာ တာလီဘန် စစ်သွေးကြွများသည် ကြံ့ကြံ့ခံမခုခံဘဲ မာဂျာဒေသမှ ဆုတ်ခွာလျက်ရှိကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

## ပြောကြား

ဟဲလ်မန်ပြည်နယ် တောင်ပိုင်း မာဂျာမြို့တွင် နေတိုးတပ်ဖွဲ့များသည် ကွက်တိကွက်ကျားခုခံမှုအနည်းငယ်ကိုသာရင်ဆိုင်ရသည်ဟု မျက်မြင်တစ်ဦးက ပရက်(စ်)တီဗွီ သတင်းဌာနသို့ စနေနေ့တွင် ပြောကြားခဲ့သည်။

## ဆင်နွှဲ

အမေရိကန် ဦးဆောင်သည့် ထောင်ပေါင်းများစွာသော နေတိုးတပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း တာလီဘန်တို့၏ အဓိကခြေကုပ်စခန်းတစ်ခု ဖြစ်သော မာဂျာမြို့ကို ဖေဖော်ဝါရီ ၁၃ရက်တွင်အရေးပါသော ထိုးစစ်ကြီးတစ်ရပ် ဆင်နွှဲခဲ့သည်။

တာလီဘန် စစ်သွေးကြွများသည် မြို့လယ်သို့ ဆုတ်ခွာလာကြကြောင်း၊ တိုက်ခိုက်ရေးသမားများကို ပြန်လည်စုစည်းပြီးတိုက်ခိုက်ရန် ပြင်ဆင်နေဖွယ်ရှိကြောင်း မြို့သားများ၏ ပြောကြားချက်ကိုကိုးကား၍ အေပီသတင်းဌာနကဖော်ပြသည်။

တာလီဘန်တို့သည် နိုင်ငံခြားတပ်ဖွဲ့များကို တိုက်ခိုက်ရန်အတွက် ထောင်ပေါင်းများစွာသော စစ်သွေးကြွများကို စုရုံးနေကြောင်း ပြောကြားသည်။

စစ်သွေးကြွများသည် မော်တာများဖြင့် စတင် ပစ်ခတ်ခဲ့ပြီး နိုင်ငံခြားတပ်ဖွဲ့ဝင် ၂၅ဦး သေဆုံးသည်ဟု ဆိုသည်။

တိုက်ပွဲ ဖြစ်ပွားနေသော နယ်မြေအတွင်း သတင်းထောက်များ ဝင်ခွင့်မရသဖြင့် သတင်းများကို အတည်မပြုနိုင်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***



**အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်ပြည်နယ် မာဂျာမြို့မှ ထွက်ခွာလာသော အာဖဂန်များအား ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပါကစ္စတန်တွင် အမေရိကန် မောင်းသူမဲ့လေယာဉ် ဒုံးကျည်ဖြင့် ပစ်ခတ်၊ ငါးဦးသေဆုံး

**မီရန်ရှား(ပါကစ္စတန်) ဖေဖော်ဝါရီ ၁၅**

ပါကစ္စတန်နိုင်ငံ၏ ဥပဒေလက်လှမ်းမမီသော အနောက်မြောက်ပိုင်း မျိုးနွယ်စုဒေသရှိ စစ်သွေးကြွများ၏ လေ့ကျင့်ရေးခြံဝင်းကို တနင်္ဂနွေနေ့၌ အမေရိကန်မောင်းသူမဲ့ လေယာဉ်က ဒုံးကျည်များဖြင့် ပစ်ခတ်ရာ အစ္စလာမ္မစ် စစ်သွေးကြွများဟု ယူဆရသူ ငါးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တာလီဘန်များ၊ အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသော တိုက်ခိုက်ရေးသမားများ၊ ဟက်ကာဘီအုပ်စုမှ စစ်သွေးကြွများ စုရုံးလှုပ်ရှားလျက်ရှိသော မြောက်ဝဇီရစ္စတန်၏ အဓိကမြို့ကြီး အနီးရှိ အဆောက်အအုံတစ်လုံးကို ဒုံးကျည်များ တိုက်ရိုက်ထိမှန်ခဲ့သည်။

မီရာလီမြို့အနီး ကျေးရွာတစ်ရွာအတွင်းရှိ စစ်သွေးကြွများ၏ ခြံဝင်းအတွင်းသို့ ဒုံးကျည်နှစ်စင်း ကျရောက်ပေါက်ကွဲကြောင်း၊ ငါးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း မီရန်ရှားအခြေစိုက် လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြောက်ဝဇီရစ္စတန် မီရန်ရှားမြို့မှ ၁၅ မိုင်ခန့်ကွာဝေးသောနေရာတွင် သောင်းကျန်းသူများအား လေ့ကျင့်သင်တန်းပေးသည့်ခြံဝင်းကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူတစ်ဦးက အတည်ပြုသည်။

သေဆုံးသူများသည် သောင်းကျန်းသူများဖြစ်သည်ဟု ယူဆရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီတလီတွင် ကုန်ပစ္စည်းအတု တန်ပေါင်းများစွာဖမ်းမိ

**ရောမ ဖေဖော်ဝါရီ ၁၅**

အီတလီနိုင်ငံတွင်မကြာသေးမီနှစ်များအတွင်း၌ ကုန်ပစ္စည်းအတုများ ရောင်းချမှုများပြားလာခဲ့ပြီးနောက် ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပစ္စည်းအတု အမြောက်အမြားကို ရှာဖွေသိမ်းဆည်းခဲ့သည်။

## သွင်းယူလာ

ယင်းပစ္စည်းများတွင် အဝတ်အထည်များ၊ ရှူးဖိနပ်များ၊ သားရေထည်များနှင့် အခြားပစ္စည်းများ ပါဝင်ကြကာ အာရှဒေသမှ သွင်းယူလာခြင်းဖြစ်သည်ဟု ရဲအရာရှိများထံမှ သတင်းရရှိကြောင်း ဘီဘီစီက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အဆိုပါ အမည်မျိုးစုံပါပစ္စည်းစုစုပေါင်း တန်ချိန် ၅၀၀၀၀၀ မျှကို ရောမမြို့အရှေ့ပိုင်းတွင် တွေ့ရှိခဲ့သည်။

ပစ္စည်းများကို အီတလီနိုင်ငံလုပ် တံဆိပ်များတပ်ထားပြီး အီတလီမြို့ကြီးများ၏ လမ်းများပေါ်တွင်ရောင်းချမည်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်စွမ်းရှိသော လက်ကိုင်အိတ်များ၊ ပိုက်ဆံအိတ်များနှင့် ခါးပတ်များပါဝင်သည်။

အီတလီနိုင်ငံ အမျိုးသားလက်လီရောင်းချရေးအဖွဲ့အစည်းက နှစ်စဉ် ပစ္စည်းအတု ရောင်းချရငွေမှာ ယူရို ၆ ဒသမ ၉ ဘီလီယံခန့် ရှိမည်ဟု ခန့်မှန်းသည်။

***အမ်အင်အေ၊ရိုက်တာ။***




# အာဖဂန်နစ္စတန်တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

**ကဘူး ဖေဖော်ဝါရီ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ သီးခြားနေရာနှစ်ခုတွင် ဖေဖော်ဝါရီ ၁၃ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် လက်လုပ်ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနေ့၌ပင် နိုင်ငံတောင်ပိုင်း၌ လက်နက်ငယ်များဖြင့်ပစ်ခတ်မှုကြောင့် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံးခဲ့သည်ဟုဆိုသည်။ သို့သော်လည်း အသေးစိတ်အချက်အလက်များကို ပြောကြားခြင်းမရှိချေ။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ပြုလုပ်သော နိုင်ငံတကာကားပြပွဲ၌ လျှပ်စစ်ကားတစ်စီးကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပါကစ္စတန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ၊ သုံးဦးသေဆုံး

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၅**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ဆိုက်ကားတစ်စီးပေါ် ထောင်ထားသော အင်အားပြင်းဗုံး ပေါက်ကွဲမှုဖြစ်ရာ လူသုံးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ပြည်တွင်းရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

ယင်းပေါက်ကွဲမှုကြောင့် ဆင်းပြည်နယ် ဒါဒူးမြို့ရှိ နယူးချော်ကီရပ်ကွက်၌ရှိသော ဈေးဆိုင်များနှင့် အဆောက်အအုံများ၏ ပြတင်းပေါက်များ ပျက်စီးခဲ့သည်ဟု ဆိုသည်။

ဒေသခံများက ပေါက်ကွဲမှုဖြစ်ပွားရာ နေရာမှ သံသယရှိသူတစ်ဦးကို ဖမ်းဆီးခဲ့ပြီး ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို အတည်ပြုပြောကြားခြင်းမရှိသေးဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်၌ နိုင်ငံရေးပါတီရုံးများအား ဗုံးခွဲတိုက်ခိုက်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ နိုင်ငံရေးပါတီရုံးငါးခုကို ညသန်းခေါင်ယံအချိန်က ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူခုနစ်ဦး ဒဏ်ရာရရှိကြောင်း တနင်္ဂနွေနေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

တိုက်ခိုက်ခံရသော ပါတီရုံးများအနက် လေးခုသည် ဆာလာ့အယ်လ်-မွတ်လက်ခ်ဦးဆောင်သောအီရတ်အမျိုးသားအတိုက်အခံအဖွဲ့အပါအဝင် ဘာသာရေးပါတီများ ဖြစ်ကြသည်ဟုဆိုသည်။

ဒဏ်ရာရရှိသူများအနက် သုံးဦးသည် ဘဂ္ဂဒက်မြို့ မြောက်ပိုင်းရှိ အက်ဟာမီယတ်ရပ်ကွက်တွင် မွတ်လက်ခ်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့တွင် ပါဝင်သူများ ဖြစ်ကြသည်။

ရှီးယိုက်ဦးဆောင်သော အစိုးရပါတီများနှင့်နိုင်ငံရေးပါတီများအကြား တင်းမာမှုများတိုးမြင့်လာသဖြင့် တိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်း၌ လျှပ်စစ်ဓာတ်ကြိုး ပြတ်ကျခဲ့သော ဘတ်စ်ကားကို ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# ဘတ်စ်ကားပေါ် ဓာတ်အားလိုင်းကြိုးပြတ်ကျ၊ လူ ၂၀ သေဆုံး

**အဘူဂျာ ဖေဖော်ဝါရီ ၁၅**

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းတွင် ခရီးသည်ဘတ်စ်ကားတစ်စီးပေါ်သို့ လျှပ်စစ်ဓာတ်အားလိုင်း ကြိုးပြတ်ကျသဖြင့် အနည်းဆုံး လူ ၂၀ သေဆုံးကြောင်း တနင်္ဂနွေနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

## ပို့ပေးခဲ့

နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ တောင်ပိုင်းပြည်နယ်မြို့တော် ပို့ဟာကုတ်ရှိ ဆေးရုံသို့ဒဏ်ရာရရှိသူ ၁၀ ဦးကို စနေနေ့တွင် ပို့ပေးခဲ့သည်။ ဓာတ်ကြိုးများပြတ်ကျသဖြင့် မီးလောင်ခြင်းနှင့် ဓာတ်လိုက်ခံရခြင်းတို့ကြောင့် လူများသေဆုံးခဲ့ရသည်။

အဆိုပါဒေသတစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဓာတ်ကြိုးများ ပြတ်ကျခဲ့သည်။ သေဆုံးသူအရေအတွက် တိုးလာဖွယ်ရာရှိသည် ဟုဆိုသည်။ အချို့သေဆုံးသူများမှာ လမ်းသွားလမ်းလာများ ဖြစ်ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အာဖဂန်နစ္စတန်တွင် အမေရိကန်ထိုးစစ်ဆင် အရပ်သား ၁၂ဦးသေဆုံး

**ကဘူး ဖေဖော်ဝါရီ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက တာလီဘန်တို့ကို ထိုးစစ်ဆင်လျက်ရှိရာ တနင်္ဂနွေနေ့က အရပ်သား ၁၂ဦးသေဆုံးသွားကြောင်း သတင်းများတွင် ဖော်ပြသည်။

ထိုစစ်ဆင်ရေးအတွင်း လူနေအိမ်တစ်လုံး ဒုံးကျည်ထိမှန်၍ အရပ် သား ၁၂ ဦးသေဆုံးရခြင်းအတွက် သမ္မတ ဟာမစ်ကာဇိုင်းက အကြီးအကျယ် စိတ်ထိခိုက်ရကြောင်းသမ္မတရုံးမှ ကြေညာချက်ထုတ်ပြန်သည်။

သမ္မတက ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်ထားသည်ဟု ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

အမေရိကန်၊ ဗြိတိသျှနှင့် အာဖဂန်တပ်ဖွဲ့ဝင် ၁၅၀၀၀ သည် ဟဲလ်မန်ပြည်နယ်ရှိ တာလီဘန်တို့၏ ခြေကုပ်စခန်း မာဂျာမြို့ကို ထိုးစစ်ဆင်လျက်ရှိသည်။

ကြေညာချက်တွင် ဒဏ်ရာရရှိသူ အရေအတွက်ကို ဖော်ပြထားခြင်း မရှိပေ။

***အမ်အင်အေ၊ရိုက်တာ။***

✡ **ရွှေဖုံးမှ**

မန္တလေး - လားရှိုးကားလမ်းသည် ကျောက်မဲမြို့အတွင်းမှ မဖြတ်သန်းဘဲ မြို့ဘေးမှ ဖြတ်သန်းသွားခြင်းဖြစ်သည်။ ကျောက်မဲမြို့တွင်းသို့ သွားလိုလျှင် မန္တလေး-လားရှိုးလမ်းပေါ်မှ ဖဲ့ဆင်းကာ မောင်းဝင်ရသည်။ အဝေးပြေးလမ်းမကြီးသည် မြို့အတွင်းမှ ဖြတ်သန်းခြင်းမရှိ၍ ကျောက်မဲမြို့တွင်းလမ်းများမှာ သန့်ရှင်းသပ်ရပ်လှသည်။ ကျောက်မဲမြို့၏ ညချမ်းသည် မပူလွန်း၊ မအေးလွန်းဘဲ နေချင့်စဖွယ် ဖြစ်နေသည်။

ကျောက်မဲမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ မန္တလေး-လားရှိုးလမ်းတလျှောက်ရှိ မြို့များအနက် အကြီးဆုံးမြို့တစ်မြို့ ဖြစ်သည်။ ကျောက်မဲမြို့မှ ဆားချိုသီးနှင့် လက်ဖက်တို့မှာ နာမည်ကျော်ပြီး ယခုအခါ နဂါးမောက်သီးဆိုလျှင် ကျောက်မဲမြို့သည် ထိပ်ဆုံးက ဖြစ်နေပြန်သည်။

ကျောက်မဲမြို့သို့ရောက်ရှိပြီး နောက်နေ့နံနက်တွင် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သိရှိလိုသည်များကို မေးမြန်းဖြစ်ခဲ့သည်။ ကျောက်မဲခရိုင်ရုံးနှင့် ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့မှာ တွဲလျက်တည်ရှိ၍ မြို့နယ်တာဝန်ရှိသူများနှင့်ပါ တစ်ပြိုင်တည်းတွေ့ဆုံခဲ့ရသည်။

ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လာရောက်လေ့လာခြင်းအတွက် ဝမ်းသာအားရဖြစ်နေသည်။ ကျောက်မဲခရိုင်အတွင်း လေ့လာစရာများစွာရှိ၍ အချိန်ယူလေ့လာရန်ပင် တိုက်တွန်း၍နေလေသည်။ ကျောက်မဲခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောပြရာ အားရကျေနပ်စရာကောင်းလှသည်။

ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်ကလည်း ကျောက်မဲမြို့နယ်အတွင်း မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု အခြေအနေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများ တည်ဆောက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

မကြာခင်မှာပင် ကျောက်မဲခရိုင် အတွင်းရေးမှူး ဦးစန်းလွင်၏ ခေါ်ဆောင်မှုဖြင့် ကျောက်မဲမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာဖြစ်သည်။ မင်းကုသဝတီတောင်ပေါ်မှ ကျောက်မဲမြို့ကွက်ကို အပေါ်စီးမှကြည့်ခွင့်ရသည်။ ကျောက်မဲမြို့သည် မြို့ကွက်ကျယ်ပြီး တိုက်တာ၊ အဆောက်အအုံများက မြို့၏စီးပွားရေးကောင်းမွန်မှုကို ဖော်ပြနေသည်။ ကျောက်မဲမြို့ မြို့မဈေးကိုလည်း သွားရောက်လေ့လာဖြစ်သည်။ ကျောက်မဲဈေးသည် ဒေသ၏ ကုန်ရောင်း၊ ကုန်ဝယ် အချက်အချာနေရာတစ်ခုဖြစ်ပြီး ကုန်တင်ယာဉ်ကြီးယာဉ်ငယ်များ၊ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလှသည်။

ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ စက်ဘီးကိုယ်စီဖြင့် လမ်းတစ်လျှောက် သွားလာနေကြသည်မှာ ကြည်နူးစရာ ကောင်းလှသည် ။ ဒေသအေးချမ်းမှုရှိသည်နှင့်အမျှ စီးပွားကုန်သွယ်မှုနှင့် ပညာရေး၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်လာသည်ကို ကိုယ်တိုင်ရောက်ရှိမှသာ ပိုမို၍သိရှိနိုင်ပေသည်။

ခရိုင်အတွင်းရေးမှူး ဦးစန်းလွင်သည် ကျောက်မဲမြို့သားဖြစ်၍ ကျောက်မဲမြို့အကြောင်းကို နှံ့နှံ့စပ်စပ်ပြောပြနိုင်သည်။ ဒေသခံဖြစ်ပြီး စိတ်သဘောထားကောင်းသူဖြစ်၍ သွားလေရာရာ အသိအကျွမ်းများရှိနေပေရာ လေ့လာရာတွင် အဆင်ပြေလှသည်။ အတွင်းရေးမှူး ဦးစန်းလွင်၏ မိတ်ဆက်ပေးမှုဖြင့် ကျောက်မဲမြို့၏ လက်ဖက်ပွဲစားကြီး ဦးသိန်းလွင်နှင့်လည်း တွေ့ဆုံပြီး လက်ဖက်စို၊ လက်ဖက်ခြောက် လုပ်ငန်းတို့နှင့်ပတ်သက်၍ တော်တော်လေး ပြည့်ပြည့်စုံစုံ သိရှိခဲ့ရသည်။

ပွဲစားကြီးဦးသိန်းလွင်၏ လက်ဖက်ပွဲရုံနှင့် လက်ဖက်အစို ပြုလုပ်သည့်နေရာကိုလည်း ရောက်ရှိခဲ့သည်။ သင်းရွှေဖီလက်ဖက်စို၊ လက်ဖက်ခြောက်ပွဲရုံသည် ကျောက်မဲမြို့ အမှတ်(၆)ရပ်ကွက်၌ တည်ရှိသည်။ ယခင်က လက်ဖက်စိုလုပ်ငန်းကို မမြင်တွေ့ဘူး၍ အသစ်အဆန်းဖြစ်ရသည်။ လက်ဖက်စိုမှာစား၍ အရသာရှိသလောက် လုပ်ရသည်မှာ မလွယ်ကူလှသော လက်ဖက်ဖြစ်ပေသည်။

လက်ဖက်ပွဲစားကြီး ဦးသိန်းလွင်က "ပဲ၊ ပြောင်း၊ နှမ်းတို့စိုက်ရင် တစ်ရာသီပဲထွက်တယ်။ လက်ဖက်က နှစ်ရှည်ပင်ဆိုတော့ ရာသီချိန်ရောက်တိုင်း ထွက်တယ်။ လက်ဖက်က မတ်လလယ်မှာ စထွက်ပြီး အောက်တိုဘာ၊ နိုဝင်ဘာအထိ ကိုးလလောက်ထွက်တယ်။ စထွက်ချိန်မှာ အဆီများတယ်။ ပထမဆုံးစထွက်တဲ့ အရွက်က အကောင်းဆုံးပဲ။ မိုးရွာတဲ့အချိန်မှာ လက်ဖက်စိုလုပ်ကြပြီး နွေရာသီမှာ လက်ဖက်ခြောက်လုပ်ကြတယ်။ လက်ဖက်ပင်ကနေ အချိုခြောက်၊ အကြမ်းခြောက်အပြင် လက်ဖက်စိုလည်းရတယ်။ လက်ဖက်ကောင်းမကောင်းကို ထွက်တဲ့ဒေသ(တောင်အမျိုးအစား)နဲ့ မျက်စိအမြင်အပေါ်မူတည်ပြီးခွဲခြားတယ်"ဟု လက်ဖက်အကြောင်း မမောတမ်းရှင်းပြသည်။

ဦးသိန်းလွင်သည် လက်ဖက်လုပ်ငန်းကို ဘိုးဘွားစဉ်ဆက် လုပ်ကိုင်ခြင်းဖြစ်ရာ ဘဝ၏ သက်တမ်းတစ်ဝက် လောက်မှာ လက်ဖက်ဖြင့် အချိန်ကုန်ခဲ့သူ ဖြစ်သည်။

ဦးသိန်းလွင်က "လက်ဖက်အစိမ်းကို လက်ဖက်ခြောက်လုပ်ရင် ၂၅ ရာခိုင်နှုန်းပဲ ကျန်တယ်၊ လက်ဖက်စိုလုပ်ရင် ၈၀ ရာခိုင်နှုန်းကျန်တယ်၊ ရွှေဖီမထွက်ရင် ဝယ်လိုအားများပြီး ဈေးတက်တယ်၊ ပြည်ပဈေးကွက် (တရုတ်နိုင်ငံ)ကလာဆွဲရင်၊ လာယူရင်ဈေးတက်တယ်၊ Green Teaဆိုတာကတော့ စက်နဲ့အခြောက်ခံတာပါ။ လက်ဖက်မျိုးတူပေမယ့် မြေဆီမြေနှစ်ကွာရင်၊ တောင်မြင့်တာ၊ နိမ့်တာ ကွာရင် အရသာကွာသွားတယ်။ နမ့်ဆန်ဘက်က သဲမြေဆိုတော့ လက်ဖက်ကောင်း ထွက်တယ်"ဟု ရှင်းပြသည်။

လက်ဖက်များ၌ ဓာတုဆိုးဆေး အသုံးပြုသည့် ကိစ္စနှင့်ပတ်သက်၍ ဦးသိန်းလွင်က "ရှေးကလူတွေက လက်ဖက်ကို အရသာခံစားကြတော့ လက်ဖက်ရဲ့ အရသာကိုသိတယ်။ အခုခေတ်မှာ လက်ဖက်ရဲ့ အရသာမူရင်းကို စားသုံးသူနည်းလာတယ်။ အကြော်အလှော်တွေ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီစသည်ဖြင့် ထည့်ပြီးစားလာကြတယ်။ အခုဆိုရင် လက်ဖက်အစိုကို ပလပ်စတစ်နဲ့ထည့်သွင်းရောင်းချတဲ့ ခေတ်ဖြစ်လာတယ်။ လက်ဖက်ဆိုရင် ဝါမှ စားသုံးသူတွေက သဘောကျတာဆိုတော့ ကိုယ့်ပစ္စည်း ရောင်းကောင်းအောင် ဆိုးဆေးသုံးလာကြတယ်။ အရောင်းဆိုင်တွေရဲ့တောင်းဆိုချက်အရ အနှစ် ၂၀ လုံးလုံး ဆေးဆိုးပေးခဲ့ရတယ်၊ အခုလို ကြေညာချက်တွေထွက်လာတာ သိပ်ကောင်းတယ်။ ကျွန်တော်တို့က ဆေးဆိုးတာ မလုပ်ချင်ဘူး၊ ဆေးဆိုးရတာ အချိန်ကုန်၊ ငွေကုန်ပြီး အရသာလဲ ပိုကောင်းမလာဘူး"ဟု ရှင်းပြသည်။ ယခုအခါ ကျောက်မဲမြို့နယ်တွင် လက်ဖက်စိုက်ဧက ၃၀၀၀၀ ရှိပြီး နမ့်ဆန်မြို့နယ်၌ လက်ဖက်စိုက်ဧက ၄၀၀၀၀ ရှိသည်။ လက်ဖက်တစ်ဧကလျှင် လက်ဖက်ပိဿာ ၂၅၀ ခန့် ထွက်ရှိ၍ လက်ဖက်အစိုပြုလုပ်ပါက ပိဿာ ၂၀၀ ခန့် ပျမ်းမျှရရှိကြောင်း သိရသည်။

ကျောက်မဲမြို့နယ်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)မန္တလေး-လားရှိုးရထားလမ်းနှင့် ကားလမ်းပေါ်တည်ရှိပြီး ဧရိယာစတုရန်းမိုင် ၁၅၅၃မိုင် ကျယ်ဝန်းသည်။ အရှေ့နှင့်အနောက် ၄၇ မိုင်၊ တောင်နှင့်မြောက် ၃၃ မိုင် ရှည်လျားသည်။ မြောက်ဘက်တွင် မိုးကုတ်မြို့နယ်၊ မိုးမိတ်မြို့နယ်နှင့် နမ့်ဆန်မြို့နယ်၊ အရှေ့ဘက်တွင် သီပေါမြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်မြို့နယ်၊ အနောက်ဘက်တွင် နောင်ချိုမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ကျောက်မဲမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၂၅၀၆ ပေတွင်တည်ရှိပြီး တောင်ပေါ်မြေပြန့်မြို့ ဖြစ်သည်။ ပူနွေးစိုစွတ်ပြီး သမအေးရာသီ ဥတုရပ်ဝန်းဖြစ်ကာ ပျမ်းမျှမိုးရေချိန်၅၂ ဒသမ ၄၄ လက်မ ရွာသွန်းသည်။

ကျောက်မဲမြို့နယ်သည် တောင်ကုန်းတောင်တန်းများထူထပ်ပြီး တောင်ကုန်းတောင်တန်းများအကြားတွင် ချောင်းများစီးဆင်းလျက်ရှိရာ မိုင်းငေါ့ချောင်း၊ နမ့်ဆောင်း ငေါင်းချောင်း၊ ပုံဝိုးချောင်း၊ နမ့်ကော်ချောင်း(မိုင်းလုံ)၊ နမ့်လုံးချောင်း (မင်းကုန်း)၊ နမ့်တန်ချောင်း(မိုင်းတင်း)၊ တော်လေချောင်း(မင်းကုန်း)၊ နောင်ကွမ်ချောင်း၊ ခိုအုံးချောင်းနှင့် နမ့်စင်ချောင်းတို့ စီးဆင်းလျက်ရှိသည်။

ကျောက်မဲမြို့ကို ၁၉၀၂ ခုနှစ်ခန့်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က နမ့်တုံမြို့သစ်ဟု ခေါ်ဝေါ်ခဲ့သည်။ မာဟင်လန်(ခေါ်)ကျောက်တုံးမဲများကို တွေ့ရှိရသဖြင့် ကျောက်တုံးမဲများကို အစွဲပြုကာ 'ကျောက်မဲမြို့' ဟု ပြောင်းလဲခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကျောက်မဲမြို့နယ်၏ စိုက်ပျိုးမြေဧက ၁၀၅၃၄၀၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော ၃၀၁၅၉ ဧကရှိပြီး စပါး၊ ဂျုံ၊ ပန်းဂျုံ၊ ပြောင်း၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ လက်ဖက်၊ ကြံ၊ ကော်ဖီ၊ ငှက်ပျောနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးဖြစ်ထွန်းသည်။

ကျောက်မဲမြို့အတွင်း အဓိကလမ်းသုံးလမ်းအနေဖြင့် လားရှိုး-မန္တလေးလမ်း ၃၁ မိုင် ၂ ဖာလုံ၊ ကျောက်မဲ- မိုင်းလုံလမ်း ၅၈ မိုင် ၂ ဖာလုံနှင့် ကျောက်မဲ-မိုင်းငေါ့လမ်း ၃၁ မိုင် တို့ဖြစ်သည်။

ကျောက်မဲမြို့နယ်၏ လက်လှည့်တယ်လီဖုန်းအိတ်ချိန်းကို ၁၉၉၅ ခုနှစ်တွင် အလုံး ၂၀ ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဒီဂျစ်တယ်အော်တိုတယ်လီဖုန်းလိုင်း ၈၃၃ လိုင်း တပ်ဆင်အသုံးပြုလျက်ရှိသည်။ ကျောက်မဲမြို့၏ GSM မိုဘိုင်းတယ်လီဖုန်းစနစ်ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ အသုံးပြုလျက်ရှိပြီး CDMA 450 ယာဉ်တင်မိုဘိုင်းတယ်လီဖုန်းများကိုလည်း ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် လိုင်း ၇၀၀ တပ်ဆင်၍ အသုံးပြုနေပြီဖြစ်သည်။ ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ IP Star ဖုန်းများ တပ် ဆင်သုံးစွဲလျက်ရှိသည်။

ကျောက်မဲမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၁၂၉ ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၂၅ ကျောင်း ဖွင့်လှစ်၍သင်ကြားလျက်ရှိသည်။

ကျောက်မဲမြို့နယ်တွင် ခုတင်(၁၅၀)ဆံ့ပြည်သူ့ဆေးရုံ တစ်ရုံ၊ တိုက်နယ်ဆေးရုံ သုံးရုံ၊ တိုက်နယ်ကျန်းမာရေးဌာန သုံးခု၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၃ ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန တစ်ခု၊ အဆုတ်ရောဂါတိုက်ဖျက်ရေးဌာန တစ်ခု၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနတစ်ခုတို့ကို ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်မြို့ပြနှင့် ကျေးလက်လမ်း၊ တံတားများကို ဖောက်လုပ်လျက်ရှိရာ မြို့ပြကတ္တရာလမ်း ၃၄ လမ်း ၁၄ မိုင် ၃ ဖာလုံ၊ မြို့ပြကျောက်ချောလမ်း ၁၄ လမ်း ၇ မိုင် ၃ ဖာလုံ၊ မြို့ပြတံတား ၇၄ စင်း၊ ကျေးလက်ကျောက်ချောလမ်း ၉ လမ်း ၇၄ မိုင်၊ ကျေးလက်မြေသားလမ်း ၁၉ လမ်း ၁၀၂ မိုင်၊ ကျေးလက် ကြိုးတံတား နှစ်စင်း၊ ကျေးလက်သစ်သားတံတား ၂၇စင်း၊ ကျေးလက်ရေပြွန် ၄၉ ခု၊ ကျေးလက် ရေကျော် ငါးခုတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျောက်မဲမြို့မှ မန္တလေးမြို့သို့ အပြန်တွင် ကျောက်မဲမြို့အထွက်မှ နဂါးမောက်ခြံကို ဝင်ရောက်လေ့လာဖြစ်သည်။ နဂါးမောက်သီးသည် ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမဆုံး ရောက်ရှိလာခြင်းဖြစ်သည်။ နဂါးမောက်သီးကို သိတာ၊ ကြားဖူးတာမကြာသေးပါ။ အရသာကောင်းလှသော(အချို့ကဆေးဖက်ဝင်သည်ဟုပြောသည်)နဂါးမောက်သီးကို သဘောကျမိသည်။

အပင်မှချက်ချင်းခူးဆွတ်၍ လတ်လတ်ဆတ်ဆတ်ခွဲထားသော နဂါးမောက်သီးကို စားလိုက်ရသောအခါ အရသာရှိလှပြီး ရင်ထဲအေးသွားသည့်အတွက် ကျေးဇူးတင်မိသည်နှင့်အမျှ သတိတရလည်း ရှိနေမိပါတော့သည်။ ။



**ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးလွင်က မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။**

**ကျောက်မဲမြို့ မြို့မဈေးအပြင်တန်း၌ ရောင်စုံထီးကြီးများအောက်တွင် ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကား လျက်ရှိသည်ကို တွေ့ရစဉ်။**





**ကျောက်မဲမြို့ မြို့ကွက်ကို မင်းကုသဝတီတောင်ပေါ်မှ တွေ့ရစဉ်။**

**ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့က လှိုက်လှဲစွာကြိုဆိုပါ၏ မြို့အဝင်မုခ်ဦးကို တွေ့ရစဉ်။**



**ကျောက်မဲမြို့ နဂါးမောက်ခြံမှ အသီးများ အောင်မြင်လျက်ရှိသော နဂါးမောက်ပင်ကို တွေ့ရစဉ်။**



# ကြေးမုံရိပ်သွင်

**ခင်မာကြည်**

မြန်မာနိုင်ငံ၌ ၁၉၉၄-၁၉၉၅ ခုနှစ်က ပြုလုပ်ခဲ့သော ငါးနှစ်အောက် ကလေးသေဆုံးမှုစစ်တမ်းအရ ငါးနှစ်အောက်ကလေးသေဆုံးမှုပေါင်း၏ ၁၅ ရာခိုင်နှုန်းမှာ မွေးစဝန်းကျင်သေဆုံးမှုများဖြစ်နေကြောင်း တွေ့ရှိရပါသည်။ မွေးစဝန်းကျင်သေဆုံးမှုကို ကျဆင်းအောင်ပြုလုပ်နိုင်ပါက နိုင်ငံတော်၏ အရေးပါသော ကျန်းမာရေးစံညွှန်းတစ်ခုဖြစ်သည့် ငါးနှစ်အောက် ကလေးသေနှုန်းကိုလည်း ထိရောက်စွာ ကျဆင်းစေနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲကို တိုင်းတာကြရာတွင် ပညာရေးကဏ္ဍမှ ပညာရေးပေတံနှင့် တိုင်းတာကြရာ(Education for all) လူတိုင်းစာတတ်မြောက်ရေးဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍမှလည်း ကျန်းမာရေးပေတံနှင့် တိုင်းတာကြရာ တစ်နှစ်အောက် ကလေးသေနှုန်း၊ မီးတွင်းမိခင်သေနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်းများနှင့် တိုင်းတာကြပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိတစ်နှစ်အောက်ကလေးသေနှုန်းမှာ အရှင်မွေး ၁၀၀၀ လျှင် ၅၀ ဖြစ်ပါသည်။ မီးတွင်းမိခင်သေနှုန်းမှာ အရှင်မွေး ၁၀၀၀ လျှင် သုံးဦးနှုန်းဖြစ်ပါသည်။ ငါးနှစ်အောက်ကလေးသေနှုန်းမှာ အရှင်မွေး ၁၀၀၀ လျှင် ၆၇ ဦးဖြစ်ပါသည်။ ဖော်ပြပါမွေးဖွားမှု၊ သေဆုံးမှုနှုန်းထားများကို လက်ရှိနှုန်းထားထက် လျော့နည်းကျဆင်းအောင်ပြုလုပ်နိုင်ရန်မှာ အရည်အသွေးပြည့်ဝ၍ကျွမ်းကျင်စွာ သားဖွားအတတ်ပညာကို တတ်မြောက်ထားသော သားဖွားဆရာမများနှင့် မွေးဖွားမှုသာလျှင် ဖွံ့ဖြိုးပြီးနိုင်ငံသို့ အမြန်ဆုံးရောက်ရှိနိုင်မည်ဖြစ်ပါသည်။

မွေးဖွားမှုအများစုမှာ အိမ်တွင်မွေးဖွားခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင်၊ မွေးကင်းစကလေးအများစုနှင့် ထိတွေ့ကြရသည်မှာ ကျွမ်းကျင်သော သားဖွားဆရာမများဖြစ်၍ မွေးကင်းစကလေးသေနှုန်း၊ မီးတွင်းမိခင်သေနှုန်းကျဆင်းရေးမှာ အဆိုပါ ကျန်းမာရေးဝန်ထမ်းတို့၏ လက်တွေ့ကျွမ်းကျင်မှုနှင့် အရေးပေါ်ဆေးရုံပို့ရန် လိုအပ်လျှင် စောစီးစွာ ပို့နိုင်ရေးအတွက် မှန်ကန်တိကျစွာ ဆုံးဖြတ်ချက်ချနိုင်မှုအပေါ်တွင် မူတည်နေပါသည်။ ထိုသို့ဆုံးဖြတ်ချက်ချနိုင်ရန် ကိုယ်ဝန်စောင့်ရှောက်ရာတွင် (Partograph) မွေးဖွားခြင်း ဖြစ်စဉ်ပြဇယားကို သားဖွားဆရာမတိုင်း (Must Know, Must Do) မလွဲမသွေ မှတ်တမ်းတင်ရန် အလွန်အရေးကြီးပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကျွမ်းကျင်သော သားဖွားဆရာမတို့ နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြုစုစောင့်ရှောက်မှုသည် အလွန်အရေးကြီးပါသည်။

ကလေးငယ်များ ကျန်းမာသန်စွမ်း၍ ပုံမှန်ဖွံ့ဖြိုးတိုးတက်ရေး အထူးဦးစားပေးပြောကြားလိုသည်မှာ (Growth & Development-Brain Development) ပုံမှန်ဖွံ့ဖြိုးတိုးတက်ရေးတွင် မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းနှင့် (Exclusive Breast Feeding Six Months) မွေးစမှ သုံးနှစ်အထိ ကလေးကိုယ်အလေးချိန် ချိန်ခြင်းလုပ်ငန်း (Growth Monitoring) ကာကွယ်ဆေးထိုးလုပ်ငန်း (၃)ရပ်သည် အလွန်အရေးပါသော ကဏ္ဍကြီးတစ်ခုဖြစ်ပါသည်။ မွေးကင်းစကလေးများသည် အလွန်နုနယ်ပြီး အမှားမခံနိုင်ပါ။ အမှားအယွင်းအနည်းငယ်မျှဖြင့် အသက်ဆုံးရှုံးခြင်း၊ ထာဝရလူစဉ်မမီတော့ခြင်းများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် မွေးကင်းစမှ သုံးနှစ်အထိ ဤဆောင်းပါးပါ အချက်အလက်များအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် မွေးကင်းစကလေးသေဆုံးမှု လျော့နည်းလာပြီး ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးတက်သော ရင်သွေးငယ်များ ပိုမိုပေါ်ထွန်းလာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ကလေးမွေးလာသည်နှင့် တစ်ပြိုင်နက် မွေးစကလေးအခြေအနေကောင်း၊ မကောင်း ဆန်းစစ်ခြင်း၊ အက်ပဂါစကိုး အခြေအနေ (APGARS-CORE) အမှတ်ပေးနည်းအရ ကလေးအသံကျယ်စွာ ဝါးခနဲငိုလိုက်သည်နှင့် (၁၀)မှတ် အပြည့်ပေးလိုက်ပါ။ ပြီးလျှင် ကလေးအား ခြောက်သွေ့အောင်သုတ်ပြီး မိခင်နို့အုံနှင့် ကလေးပါးစပ်အား အမည်းကွင်းပါ ငုံအောင်စို့စေပြီး ကလေးအရေပြားနှင့် မိခင်အရေပြား ထိတွေ့နေပါစေ (Skin to Skin Contact)၊ မွေးပြီးစနာရီဝက် ဤကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် မိခင်နှင့်ကလေးအား ချစ်ခြင်းမေတ္တာသံယောဇဉ် ခိုင်စေသည် (Bonding)သာမက ပထမဦးဆုံးထွက်သော နို့ဦးရည်ကြည်ထဲတွင် အဖိုးတန်သော ရောဂါပြီးခါတ်များ ပါရှိသဖြင့် ကလေးတွင် တစ်ပြိုင်တည်းရရှိသွားပြီ ဖြစ်ပါသည်။

ကလေးမွေးမွေးချင်း တစ်ဖက်မှ အထူးသတိထားရမည်မှာ (Hypothermia)မွေးစကလေး ကိုယ်အပူချိန် လုံးဝမကျဆင်းအောင် မွေးဖွားသည့် အခန်းအပူချိန် ထိန်းညှိရန် အထူးအရေးကြီးပါသည်။ သို့ရာတွင် စစ်ကိုင်းတိုင်း မုံရွာကဲ့သို့ ပူအိုက်သည့်မြို့များတွင် သာမန်မွေးဖွားမည့်အခန်း အပူချိန်သည် သင့်တော်ပါသည်။ ကလေးမွေးမွေးချင်း ရေမွန်းလျှင် (Resuscitation) စနစ်တကျ ပြုစုဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် သားဖွားဆရာမနှင့် ကျန်းမာရေးဆရာမများအား ကျွမ်းကျင်သင်တန်းများ ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန် မြို့နယ်အလိုက် ကျန်းမာရေးဝန်ကြီးဌာနမှ ပို့ချပေးပြီးဖြစ်ပါသည်။

မွေးကင်းစ ကလေး လူ့ဘဝထဲသို့ စတင်ဝင်ရောက်လာသည်နှင့်အမျှ မိခင်နှင့်သားဖွားဆရာမတို့သည် (My name is today) ကျွန်တော်၊ ကျွန်မနာမည် ယနေ့ပါပဲ ဆိုရိုးစကားနှင့်အညီ အကောင်းဆုံးအရာဟူသမျှကို ချက်ချင်းပေးဆပ်ကြရပါသည်။ မနက်ဖြန်သို့ ရွှေ့မနေပါနှင့်၊ ကလေးသည် အချိန်နှင့်တစ်ပြေးညီ ကြီးထွားလာပြီး ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှု သုံးပုံနှစ်ပုံခန့်သည် ကလေးအသက်နှစ်နှစ်တွင် ပြည့်စုံပြီးဖြစ်သည်မို့ မည်သည့်အရာကိုမျှ ဆောင်ရွက်ရန် နှောင့်နှေးမနေသင့်ပါ။

မိခင်တိုင်း မိမိသားသမီး ဉာဏ်ပညာထူးချွန်ထက်မြက်ခြင်းကိုသာ လိုလားကြသည်မို့ ကြေးမုံရိပ်သွင်(သို့မဟုတ်) ကလေးကိုယ်အလေးချိန်မှတ်တမ်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းနှင့် လုပ်ငန်းစတင်ရတော့မည် ဖြစ်ပါသည်။ ကလေးကိုယ်အလေးချိန်မှာ ကလေးအသက်အလိုက် ရှိသင့်အလေးချိန် (Weight for age)ဖြစ်ပြီး အစိမ်းရောင်မှာ ကလေးအာဟာရအခြေအနေ၊ တစ်နည်းအားဖြင့် ကျန်းမာရေး အခြေအနေကောင်းမွန်ပြီးဖြစ်ပြီး အဝါရောင်မှာ အသင့်အတင့် အာဟာရချို့တဲ့ခြင်း၊ အနီရောင်မှာ ပြင်းထန်သော အာဟာရချို့တဲ့ခြင်းဖြစ်၍ အထူးဂရုစိုက် ပြုစုကုသရပါသည်။ မိခင်တိုင်း၏ လက်စွဲ စိမ်း၊ ဝါ၊ နီ ကတ်ပြားဖြစ်ပါသည်။ အလွန်တန်ဖိုးရှိ၍ ကြေးမုံရိပ်သွင်ဟု တင်စားထားခြင်း ဖြစ်ပါသည်။ ကလေး၏ အလေးချိန်သည် မည်သည့်အရောင်တွင်ရှိရှိ လစဉ်အလေးချိန်တိုးတက်မှုလမ်းကြောင်းသည် ပုံမှန်အလေးချိန်သို့ မြင့်တက်နေလျှင် ကျန်းမာရေးကောင်းမွန်နေပါသည်။ စိုးရိမ်စရာမလိုပါ။ ကလေးမွေးစ အလေးချိန် နှစ်ကီလိုခွဲကျော်ရပါမည်။ ဥပမာ-သုံးကီလိုဆိုပါက ပထမဆုံးအကွက်တွင် မှတ်တမ်းတင်ပါ။ မွေးစမှ တစ်နှစ်အထိ လစဉ် ကိုယ်အလေးချိန်ပါ။ လစဉ်အနည်းဆုံး ကီလိုတစ်ဝက်တိုးရမည်။ တစ်နှစ်မှ သုံးနှစ်အရွယ်ကလေးများကို သုံးလတစ်ခါ အလေးချိန်ပါ သုံးလလျှင် အနည်းဆုံးကီလိုတစ်ဝက်တိုးရမည်။ တစ်ဖက်မှလည်း ကာကွယ်ဆေး ခုနစ်မျိုးကို (Schedule) အတိုင်း အကြိမ်ပြည့်ထိုးပါ၊ တိုက်ပါ။ ဝက်သက်ကာကွယ်ဆေးကိုမူ တစ်နှစ်ခြောက်လတွင် ထပ်မံထိုးပေးရဦးမည် ဖြစ်ပါသည်။

> **မွေးကင်းစ ကလေး လူ့ဘဝထဲသို့ စတင်ဝင်ရောက်လာသည်နှင့်အမျှ မိခင်နှင့် သားဖွားဆရာမတို့သည် (My name is today) ကျွန်တော်၊ ကျွန်မနာမည် ယနေ့ပါပဲ ဆိုရိုးစကားနှင့်အညီ အကောင်းဆုံးအရာဟူသမျှကို ချက်ချင်းပေးဆပ်ကြရပါသည်။ မနက်ဖြန်သို့ ရွှေ့မနေပါနှင့်၊ ကလေးသည် အချိန်နှင့် တစ်ပြေးညီ ကြီးထွားလာပြီး ကလေး၏ ဦးနှောက် ဖွံ့ဖြိုးမှု သုံးပုံနှစ်ပုံခန့်သည် ကလေးအသက်နှစ်နှစ် တွင် ပြည့်စုံပြီးဖြစ်သည်မို့ မည်သည့်အရာကိုမျှ ဆောင်ရွက်ရန် နှောင့်နှေးမနေသင့်ပါ။**

ကလေး ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရပါမည်။ ရေ/အချိုရည်စသည် လုံးဝမတိုက်ကျွေးရပါ။ မိခင်နို့ထဲတွင် ရေဆာပြေသည့်ဓာတ် အပြည့်အဝပါဝင်ပြီးဖြစ်ပါသည်။ ခြောက်လပြည့်လျှင် မိခင်နို့နှင့်အတူ ဖြည့်စွက်စာ စတင်ကျွေးရတော့မည်ဖြစ်ပါသည်။ ဤနေရာတွင် မိခင်သည် တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းရပါမည်။ မိခင် ယင်လုံအိမ်သာမှ အဆင်းတွင် လက်ကို ရေ၊ ဆပ်ပြာနှင့် အမြဲဆေးကြောရမည်။ လက်သည်းရှည် လုံးဝမထားရပါ။ ကလေးဖြည့်စွက်စာ မပြင်ဆင်မီ မိခင်လက်ကို ရေ၊ ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောရမည်ဖြစ်သလို ကလေးဖြည့်စွက်စာကျွေးမည့် ဇွန်း၊ ပန်းကန်ခွက်ယောက်လည်း ရေ၊ ဆပ်ပြာနှင့် သန့်ရှင်းစင်ကြယ်စွာ ဆေးကြောပြီး ဖြစ်ရပါမည်။

ကလေးအညစ်အကြေး စွန့်ပြီးတိုင်း ကလေးဖင်နှင့် မိခင်လက်ကို ရေ၊ ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောရန်လည်း အရေးကြီးပါသည်။ ကလေးကို အသက်ခြောက်လတွင် စတင်ကျွေးမည့် ဖြည့်စွက်စာမှာ ထမင်းရည်ဇွန်း တစ်ဇွန်း၊ နှစ်ဇွန်းထည့်ကျွေးရမည်ဖြစ်ပြီး နေ့စဉ်မိခင်နို့နှင့် ဖြည့်စွက်စာ(၂-၃)ကြိမ် စတင် အကျင့်လုပ်ကျွေးခဲ့ရမည်ဖြစ်ပါသည်။ ဖြည့်စွက်စာ တစ်ခါကျွေးတိုင်းဆီ လက်ဖက်စားဇွန်း တစ်ဇွန်းထည့်ကျွေးရမည်ဖြစ်ပြီး ထိုသို့ထည့်ကျွေးရခြင်းမှာ ကလေးအတွက် တစ်နေ့တာ လိုအပ်သည့်စွမ်းအင်ကို ဖြည့်စွက်သည့်အနေနှင့် ကယ်လိုရီဖြည့်ပေးခြင်းဖြစ်ပါသည်။ အခြားတစ်ဖက်မှလည်း ကလေးဦးနှောက် အသိဉာဏ်ပိုမိုထက်မြက်စေရန် အာလူး၊ ဟင်းသီးဟင်းရွက်၊ အသည်း၊ ပဲဟင်းချို၊ ကြက်ဥ၊ ဘဲဥ၊ အသား၊ ငါး၊ နို့၊ ငှက်ပျောသီးမှည့်၊ သင်္ဘောသီးမှည့်၊ ဒေသထွက် အစားအစာများကို ကလေးစားနိုင်အောင် ပြင်ဆင်ကျွေးမွေးရပါမည်။ အစာအုပ်စု(၃)အုပ်စုမှ "ပဲဟင်းချို၊ ကန်စွန်းရွက်၊ အမဲသားလိုအင်အားတက်" ဆောင်ပုဒ်အတိုင်း နေ့စဉ်ကျွေးခဲ့ပါက ကလေးအသက်တစ်နှစ်ပြည့်လျှင် မိသားစုအားလုံး စားသောအစားအစာ၊ အပူအစပ်မှလွဲ၍ စားတတ်နေပြီ ဖြစ်ပါသည်။ အစားအစာချက်ပြုတ်ရာတွင် အိုင်အိုဒင်းဆား သုံးစွဲရပါမည်။

မွေးစမှ ခြောက်လအထိ အမိနို့တစ်မျိုးတည်း အချိန်ပြည့်တိုက်ကျွေးလျှင် အသက်ခြောက်လပြည့်က မွေးစကိုယ်အလေးချိန်၏ နှစ်ဆတိုးလာပြီး ဖြည့်စွက်အစာကို သန့်ရှင်းစင်ကြယ်စွာ ကျွေးမွေးခြင်းဖြင့် တစ်နှစ်ပြည့်သောအခါ မွေးစကိုယ်အလေးချိန်၏ သုံးဆဖြစ်လာကာ ကျန်းမာရေးနှင့်ပြည့်စုံသော ဖွံ့ဖြိုးသည့်ကလေးတစ်ဦး ဖြစ်လာမည်ဖြစ်ပါသည်။

အသက်ခြောက်လပြည့်ပြီးနှင့် အသက်တစ်နှစ်အတွင်း ဗီတာမင်အေ တစ်သိန်းအား (အပြာရောင်)ဆေးလုံး တစ်ကြိမ်စီတိုက်ကျွေးခြင်း၊ တစ်နှစ်မှ ငါးနှစ်အထိ ဗီတာမင်အေ နှစ်သိန်းအား (အနီရောင်) ဆေးလုံးကို တစ်နှစ်လျှင် နှစ်ကြိမ် ပုံမှန်တိုက်ကျွေးခြင်း ဆောင်ရွက်ရပါမည်။ မွေးပြီးမိခင်အား ဗီတာမင်အေ နှစ်သိန်းအား ၂၄ နာရီမှ တစ်လအတွင်း တစ်တောင့် တိုက်ကျွေးရပါမည်။ ကိုယ်ဝန်ဆောင်သုံးလမှစ၍ (Mebendazole) သန်ချဆေး တစ်လုံး တိုက်ကျွေးရပါမည်။ ကလေးအသက် နှစ်နှစ်မှ (၁၀)နှစ်အထိ(Albendazole) သန်ချဆေးတစ်လုံး တိုက်ကျွေးရပါမည်။ ရင်သွေးငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်အရွယ်အလိုက် သင့်တော်သော အားကစားနည်းတစ်ခုခုကိုလည်း ကစားစေရမည်ဖြစ်ပါသည်။

ကလေးငယ်များတွင် အဖြစ်များသည့် ဝမ်းပျက်ဝမ်းလျှော မဖြစ်အောင် သန့်သန့်ရှင်းရှင်းနေထိုင်စေကာ ကလေးဝမ်းသွားပြီးတိုင်း ရေ၊ ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောပေးရပါမည်။ ယင်နားစာများ မကျွေးရပါ။ ဝမ်းပျက်ဝမ်းလျှောဖြစ်လျှင် ဓာတ်ဆားရည်တိုက်ခြင်း၊ အရည်များများ တိုက်ခြင်း၊ အစာဆက်ကျွေးခြင်း၊ မိခင်အားလည်း ဓာတ်ဆားရည်တစ်ထုပ်ကို ရေကျက်အေး (သို့မဟုတ်) သောက်ရေသန့် (တစ်လီတာ) ရေသန့်ပုလင်းဖြင့် ဖျော်နည်းသင်ထားခြင်း၊ မူလအလေးချိန် ပြန်ရောက်သည့်အထိ အစာကို ပိုမိုကျွေးခြင်း၊ တစ်နှစ်လျှင်တစ်ကြိမ် ကလေးအားသန်ချခြင်းများ ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

ကလေးကို ငှက်ဖျား၊ သွေးလွန်တုပ်ကွေးမဖြစ်ရန် ခြင်ထောင်ထောင်၍ သိပ်ရမည်။ ချည်သားအကျီရှည်၊ ဘောင်းဘီရှည် ဝတ်ပေးရမည်။ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ဆောင်ရွက်ရမည်။ ဘုရားညောင်ရေအိုး နေ့စဉ်ရေလဲပေးရမည်။ ဖုံး၊ သွန်၊ လဲ၊ စစ် အိမ်အတွင်းရှိ ရေအိုး၊ ရေကန်များကို အဖုံးလုံအောင် ထားရမည်။ အိမ်ပတ်ဝန်းကျင် သန့်ရှင်းရပါမည်။ ဖျားသောကလေး ကယောင်ကတမ်းဖြစ်လျှင် (သို့မဟုတ်) ကော်ဖီရောင်အန်လျှင် နီးရာကျန်းမာရေးဝန်ထမ်း၊ ဆေးရုံ၊ ဆေးခန်းသို့ အရေးပေါ်ပြသရန် လိုအပ်ပါသည်။

နှာစေး၊ ချောင်းဆိုး၊ အအေးမိသောကလေးတွင် နို့မစို့နိုင်၊ အရည်မသောက်နိုင်လျှင် အဆုတ်အအေးမိရောဂါ (နမိုးနီးယား) ဖြစ်နိုင်ပါသည်။ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် နီးရာကျန်းမာရေးဝန်ထမ်းနှင့် ပြသရပါမည်။ ယခုခေတ်စားနေသော A (H1N1)ကမ္ဘာ့လူတုပ်ကွေးရောဂါကိုလည်း အထူးသတိထား စောင့်ကြည့်ရပါမည်။

အထက်ပါအချက်များသည် ကလေး၏ ကြီးထွားမှု၊ ဦးနှောက်အသိဉာဏ် ဖွံ့ဖြိုးမှု၊ ကျန်းမာရေးအခြေအနေအားလုံးကို "ကြေးမုံရိပ်သွင်" ထင်ဟပ်နေပါသဖြင့် တန်ဖိုးမဖြတ်နိုင်သော စိမ်း၊ ဝါ၊ နီ သုံးရောင်ခြယ် ကလေးကိုယ်အလေးချိန် မှတ်တမ်းဖြင့် ဉာဏ်ရည်ထက်မြက်သော သားသမီးများဖြစ်လာအောင် ပြုစုပျိုးထောင်ကြရန် လိုအပ်ပါသည်။ အထူးတင်ပြလိုသည်မှာ (Good Team Management & Good Team Work )ဖြစ်ပါ၍ Top to Bottom TMO (မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး)၊ THN [မြို့နယ်သူနာပြုအဆင့် (၁)]၊ LHV (ကျန်းမာရေးဆရာမ)များမှ MW (ကျွမ်းကျင်စွာတတ်မြောက်ထားသော သားဖွားဆရာမ)များကို Supportive Supervision ပေးရန်လိုအပ်ပါကြောင်း မျိုးဆက်သစ် ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ဘက်စုံသားဖွားဆရာမများ၏ ကြိုးစားအားထုတ်မှုဖြင့် အမိမြန်မာနိုင်ငံတော် ဖွံ့ဖြိုးပြီးနိုင်ငံကြီးဆီသို့ မကြာမီရောက်ရှိရန်အတွက် အကောင်းဆုံးလက်ဆောင် အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ॥

## ဆုချီးမြှင့်

**အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း လှိုင်မြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ ဆဋ္ဌမတန်း၌ မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန် ပထမဆုရရှိသူ မသင်းသင်းဟန်အား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစောအောင်မြဝင်း ဆုချီးမြှင့်စဉ်။**

(ပညာရေး)



## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၁) ရပ်ကွက် တပင်ရွှေထီးလမ်းနေ ကွယ်လွန်သူ ကိုအောင်မျိုး အားရည်စူး၍ မသူဇာဟန်မိသားစုက ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)



(16-2)06.pmd 1 2/16/2010, 2:52 AM

# တောင်သာမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**(၂၆)ကြိမ်မြောက် တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် စက်မှုမွှော်ရုံ၌ကျင်းပရာ အသင်းနာယက အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်ပြီး ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားသည်။**

ယင်းနောက် အသင်းနာယက ဝန်ကြီးဦးအောင်သောင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ အသင်းရန်ပုံငွေအဖြစ် အလှူရှင် ၁၂ ဦးတို့က ငွေကျပ် ၄၈သိန်းကို ဝန်ကြီးထံ ပေးအပ်လှူဒါန်းကြပြီး ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးတို့အား အသင်းနာယက၊ အလုပ်အမှုဆောင်များနှင့် အလှူရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားအတည်ပြုခြင်း၊ အလုပ်အမှုဆောင်အဖွဲ့သစ် ဖွဲ့စည်းအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ကျောဖုံးမှ

အော်ဂင်လက်သံ၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူလေးများ၏ စည်းဝါးမှန်ကြည်လွှင်ချိုမြသော အသံလေးများဖြင့် "ပန်းတွေဝေတဲ့ မူလတန်းဆောင်" သီချင်းအဆုံးတွင် ကျောင်းခန်းမကြီးတစ်ခုလုံး မိနစ်ဝက်ခန့်မျှ ငြိမ်သက်သွားသည်။

သတိရသူတစ်ဦး၏ လက်ခုပ်သံနောက်ဝယ် လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ခန်းမကြီးတစ်ခုလုံး ပြန်လည်သက်ဝင်လှုပ်ရှားလာသည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁ရက် ကွယ်လွန်သူ ဖခင်ကြီး (ဦးကရပယား)နှင့် မိခင်ကြီးဒေါ်ကာလီမ တို့အား ရည်စူးအမှုထား၍ သားဖြစ်သူ ဦးဝင်းကြိုင်မိသားစုက ဆောက်လုပ်လှူဒါန်းသော ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (မူလတန်းကျောင်းဆောင်သစ်) ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပသော နေ့ဖြစ်သည်။ မြင်းကကုန်းကျေးရွာအဖို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့ထူးတစ်နေ့လည်း ဖြစ်သည်။

**ဆုံးရှုံးခဲ့**

၂၀၀၈ ခုနှစ် မေ ၂ ရက် နှင့် ၃ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ အချို့မြို့နယ်များနည်းတူ မြင်းကကုန်းကျေးရွာ အပါအဝင် ဘိုကလေးမြို့နယ်တစ်ခုလုံး ကြီးမားသောဆုံးရှုံးမှုကြီးတစ်ရပ်နှင့် ကြုံတွေ့ခံစားခဲ့ရသည်။ ပညာရေးကဏ္ဍအနေဖြင့် စာသင်ကျောင်းအားလုံးနီးပါး ပြိုပျက်ခဲ့ရသည်။ ကျောင်းသား၊ ကျောင်းသူပေါင်း သောင်းချီ၍ အခြေခံပညာသင်ကြားခွင့်များ ဆုံးရှုံးခဲ့ရသည်။

သို့ပါသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လဲနေသူတို့အား ထူပေးခဲ့သည်။ နယ်မြေ တာဝန်ခံများအနေဖြင့် မေလ ၄ ရက်တွင် မုန်တိုင်းကျမြို့နယ်များကို အခြေပြု၍ ဒေသဆိုင်ရာအာဏာပိုင် အသီးသီးနှင့် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများပါဝင်သည့် ကော်မတီများဖွဲ့စည်းကာ ကျေးလက်ဒေသများ အထိစဉ်ဆက်မပြတ် ကွင်းဆင်းဖြည့်ဆည်းပေးခဲ့သည်။ ချက်ချင်းအရေးပေါ်ဆောင်ရွက်ရမည့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ကိုလည်း နေ့ညမပိုင်းခြား အပူတပြင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ကြောင့် အိမ်ခြေ ၁၃၈၁ လုံး၊ အိမ်ထောင်စု ၁၄၅၀ နှင့် လူဦးရေ ၆၁၁၉ ဦးနေထိုင်လျက်ရှိသော ဘိုကလေးမြို့အတွင်းမှ မြင်းကကုန်းကျေးရွာလေးမှာ ယခင်နှစ်ကနှင့်မတူ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။ ကမ်းနားလမ်းတစ်လျှောက် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားနေသော ဆိုင်တန်းများ၊ ဒေသထွက်ကုန်ဘဲဥသေတ္တာများကို တင်ဆောင်နေသော စက်သမ္ဗန်များ၊ မြို့နယ်ချင်းချိတ်ဆက်၍ အရောင်းအဝယ် စျေးစကားပြောနေသော CDMA ဖုန်းပြောသံများက ကမ်းနားတစ်လျှောက် စည်ဝေနေသည်။

**အထင်းသားဖော်ပြနေ**

တစ်ဖန် ကျေးရွာအတွင်းရှိ အထက်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းသုံးကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ သောသောညံနေသော စာအံသံများပြင်ဆင်ပြီးသောလူနေအဆောက်အအုံ တိုက်တာများ၊ သက်ဝင်လှုပ်ရှားနေသော ကျေးလက်ဆေးပေးခန်း၊ ကြီးမားသစ်လွင်သော တစ်ထပ်တိုက် အဆောက်အအုံ ပညာအလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် သန့်ရှင်းသော သောက်သုံးရေကန်ကြီးများအပြင် အိမ်တိုင်းစေ့ လက်နှိပ်ရေတုံကင်များက ကျေးရွာကလေး၏ လူမှုဘဝပြည့်စုံမှုကို အထင်းသားဖော်ပြနေပေသည်။

ဤကဲ့သို့ တစ်ဖက်မှ လူမှုစီးပွားဘဝများ ပြန်လည်တည်ဆောက်ပေး နေသကဲ့သို့ တစ်ဖက်မှလည်း အနာဂတ်လူ့ဘောင်အတွက် နိုင်ငံ့သားကောင်းများဖြစ်လာမည့် လူငယ်များ အရှိန်အဟုန်မပျက် ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်က စာသင်ကျောင်း ၂၇၀၊ နိုင်ငံတကာ အဖွဲ့အစည်းက ၁၁၃ ကျောင်း၊ ပြည်တွင်း အလှူရှင်များက ၁၉ကျောင်း၊ ဘိုကလေးမြို့နယ်အတွင်း ဆောက်လုပ်ပေးခဲ့သည်။

ရုပ်ဝတ္ထုပိုင်းအနေဖြင့် ကျောင်းများ တည်ဆောက်ပေးနေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာအနေဖြင့်လည်း မြှင့်တင်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် နာဂစ်အလွန် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ဘိုကလေးမြို့နယ်အတွင်း ခြောက်ဘာသာ ဂုဏ်ထူးရှင်သုံးဦးနှင့် ဘာသာရပ်အလိုက် ဂုဏ်ထူးရှင်များပေါ်ထွက်လာခဲ့သည်။ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

**ဝမ်းသာဂုဏ်ယူ**

ဤကဲ့သို့ ပြန်လည်ထူထောင်နေချိန်တွင် ဧရာဝတီတိုင်းအတွင်း၌ စေတနာရှင်



**မိမိမွေးဖွားရာဇာတိမြေမှာ အခုလို ခံ့ညားထည်ဝါတဲ့ ကျောင်းဆောင်သစ်တစ်ခု တည်ဆောက်ပြီး ပညာဒါနပြုလိုက်ရတဲ့အတွက် အလွန်ပဲဝမ်းသာဂုဏ်ယူမိပါတယ်။**

*ဦးဝင်းကြိုင်*
*ကျောင်းဆောင်သစ်အလှူရှင်*

တစ်ဦးတည်းက ကျပ်သိန်းထောင်ချီ၍ ပညာဒါနပြုသူ ပေါ်ထွက်လာခဲ့သည်။ မြင်းကကုန်းဇာတိဖွား ရန်ကုန်မြို့ ရွှေဘုံသာလမ်းနေ ဦးဝင်းကြိုင်(စိန်ရတနာ ရောင်းဝယ်ရေး)မိသားစုပင်ဖြစ်သည်။

ဦးဝင်းကြိုင်အား ကြေးမုံသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော့်မိသားစုအားလုံးက ဒီမြင်းကကုန်းဇာတိပါ၊ ဇာတိမြေနဲ့ဝန်းကျင်က နာဂစ်မုန်တိုင်းဒဏ်ခံမိသားစုလေးထောင်ကျော်ကို ၄၅ ရက်တိတိ နေ့စဉ်ထမင်းဟင်း၊ အဝတ်အထည်၊အသုံးအဆောင်တွေ ပေးလှူခဲ့ပါတယ်။ မြင်းကကုန်းတစ်ဖက်ကမ်း ရိုးရာဘုရားပွဲကိုလည်း အစဉ်အလာမပျက်ရအောင်လည်း ကျင်းပပေးခဲ့ပါတယ်။ အဲဒီဘုရားပွဲမှာပဲ ရွာရဲ့မူလတန်းကျောင်းဆောင် ပြန်လည်တည်ဆောက်လှူဒါန်းဖို့ အကြောင်းတိုက်ဆိုင်လာခဲ့ပါတယ်"။

ဆက်လက်ပြီး "မိခင်ကြီး ကိုယ်တိုင်ကလည်း မိမိမွေးဖွားရာ ဇာတိမြေမှ ကြီးမားတဲ့ အလှူကြီးတစ်ခု ပြုလုပ်ဖို့ ဆန္ဒရှိနေတာကြောင့် ချက်ချင်းလှူဖြစ်သွားတာပါ။ အခုလို ခံ့ညားထည်ဝါတဲ့ အဆောက်အအုံတစ်ခုတည်ဆောက်ပြီး ပညာဒါနပြုလုပ်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့ပါတယ်။

**တည်ဆောက်လှူဒါန်း**

ယခု တည်ဆောက်လှူဒါန်းသော မြင်းကကုန်း အထက(မူလတန်းကျောင်းဆောင်သစ်)ကို ဦးဝင်းကြိုင်မိသားစု၏ ပညာဒါနအဖြစ် ဂိုးလ်စတီးကုမ္ပဏီက အရှည် ၉၂ ပေ၊ အကျယ် ပေ ၃၀ စာသင်ခန်း ရှစ်ခန်းပါ RC နှစ်ထပ်ဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်း ၁၂၄၀ အကုန်အကျခံကာ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထိုလှူဒါန်းမှု၏ အကျိုးဆက်ကြောင့် မူလတန်း ကျောင်းဆောင်သစ်ဝယ် ကျောင်းသား၊ ကျောင်းသူလေးပေါင်း ၃၀၀ ခန့် နှစ်စဉ် လုံခြုံအေးချမ်းသာယာစွာ ပညာဆည်းပူးနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် အခြေခံပညာ စာဖြေဌာနအဖြစ်လည်း ခွင့်ပြုလိုက်ပြီဖြစ်ရာ ကျေးရွာအတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများအဖို့အိုးမကွာ အိမ်မကွာအချိန်ကုန်သက်သာစွာ မိမိကျေးရွာကျောင်းတွင် မပင်မပန်း ဖြေဆိုနိုင်ကြတော့မည်ဖြစ်သည်။

**အေးချမ်းငြိမ်သက်**

အခမ်းအနားအပြီးတွင် စာသင်ခန်းမများအတွင်း လှည့်လည်လေ့လာခဲ့ရာ သစ်လွင်ခိုင်ခံ့သော စာသင်ခန်းများဝယ် အေးချမ်းငြိမ်သက်စွာပညာသင်ကြားနေသော ကလေးငယ်များကိုကြည့်ရင်း ရင်တွင်းမှ ပီတိတရားဖြင့် ဦးဝင်းကြိုင်မိသားစုကဲ့သို့ နိုင်ငံသားအလှူရှင်များ မြောက်မြားစွာ ပေါ်ထွက်ပါစေကြောင်းဆန္ဒပြု ဆုတောင်းလိုက်မိပါတော့သည်။ ။



**ကျောင်းဆောင်သစ် အတွင်း အေးအေးချမ်းချမ်း ငြိမ်းချမ်းစွာ ပညာသင်ကြားနေသော ကလေးငယ်များ။**

**မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စက်ပြင်အလုပ်ရုံ၌ မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထော်လာဂျီ ရေသယ်ယာဉ် Monitor တပ်ဆင်ခြင်းလုပ်ငန်းအား မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



☆ အာရှမှ

ယင်းခြင်္သေ့မျိုးကို ဂူဂျာရတ်ပြည်နယ်ရှိ ဂီးရ်အမျိုးသားသစ်တောဥယျာဉ်တွင်သာ တွေ့ရှိနိုင်သည်။ ဂူဂျာရတ်ပြည်နယ် သစ်တောဦးစီးဌာန၏ ခန့်မှန်းချက်အရ အဆိုပါ သစ်တောဥယျာဉ်တွင် အာရှခြင်္သေ့ ၃၅၉ကောင် ရှိသည်ဟု သိရသည်။

**ပြောကြား**

ဂီးရ်အမျိုးသား သစ်တောဥယျာဉ်အတွင်း ခြင်္သေ့သတ္တဝါများကို ခိုးဝှက်သတ်ဖြတ်မှု မရှိစေရေးအတွက် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးမှူးများက ကမ္ဘာ့ဂြိုဟ်တုမြေပုံစနစ်(ဂျီပီအက်စ်)၊ အလိုအလျောက်စနစ်သုံး အာရုံခံကိရိယာများနှင့် ညကြည့်မှန်ပြောင်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့က ပြောကြားသည်။

အာရှခြင်္သေ့မျိုး မျိုးမသုဉ်းစေရေးအတွက် ခိုးဝှက်သတ်ဖြတ်မှုများမှ ကာကွယ်ပေးနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့က အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ဆိုပါအဖွဲ့သည် အာရှခြင်္သေ့မျိုး ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း၌ အဆင့်မြင့်နည်းပညာသုံး ကိရိယာများဖြင့်ဆောင်ရွက်ရန် အကြံပြုခဲ့သည်။

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်မည့် ဆက်သွယ်ရေးကိရိယာသစ်များကို တီထွင်ဖော်ထုတ်ရာတွင် ဂျီပီအက်စ်စနစ်ကို အခြေခံမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနအောက်ရှိ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးမှူး ပရာဒစ်ကန်နာက ပြောကြားသည်။

**လေ့လာစောင့်ကြည့်မည်**

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဝန်ထမ်းများသည် အာရှခြင်္သေ့မျိုး လှုပ်ရှားသွားလာနေထိုင်ပုံများကို ခေတ်မီစက်ကိရိယာများအသုံးပြုကာ လေ့လာစောင့်ကြည့်မည်ဖြစ်သည်။

ဂီးရ်အမျိုးသားသစ်တောဥယျာဉ်၏ သစ်တောဒေသကို ကာကွယ်တောအဖြစ်သတ်မှတ်ရန်နှင့် အာရှခြင်္သေ့မျိုးကို ထိန်းသိမ်းစောင့်ရှောက်ရန် ၁၉၀၀ ပြည့်လွန်အစောပိုင်းနှစ်များကပင် အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

***အင်တာနက်။***

# Envoy News ဂျာနယ် အမှတ်(၃)ထုတ်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဘော်ဒါဆောင်မှာ တွေ့ခဲ့ရတဲ့ A(H1N1) ရောဂါပိုး အပြင်းစား ကြက်တုပ်ကွေးကြောင့် စျေးခြောက်စျေးတွင် ကြက်နှင့် ကြက်ဥရောင်းချမှုတားမြစ်။ လာမည့်နှစ် အပူချိန်တိုးပြီး မိုးပိုလာဖွယ်ရှိ၊ နှစ်ပေါင်း (၆၂)သန်းမှ တစ်ခါသာဖြစ်တဲ့ နေစကြဝဠာကြီး၊ ဂလက်ဆီဖြတ်ခြင်း နောက်နှစ်နှစ်အကြာမှာဖြစ်မည်၊ နေပြည်တော် Land Mark ဥယျာဉ်သစ်ကြီးဖွင့်ပွဲ၊ စကတ်တို၊ ဘောင်းဘီတိုတွေ သတိထား၊ သီရိဆွေပြောတဲ့ R & B အကြောင်း၊ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အကယ်ဒမီ Interview၊ မင်းသမီးရေးတဲ့စာ၊ ယခုနှစ် ဆန်စျေးတည်ငြိမ်ဖွယ်ရှိ၊ ကမ္ဘာလှည့်များ ပုဂံမှ ချင်းတောင်သို့ တိုက်ရိုက်သွားနိုင်သည်၊ မကြက်သောအသားကင် ကင်ဆာဖြစ်နိုင်၊ ပြည်သူ့အသံနှင့် Envoy အကယ်ဒမီတစ်ကြိုကံထူးရှင်များ၊ ရေခဲပြင်အောက်က နှစ် ၁၀၀ ကျော် ဝီစကီသေတ္တာများ၊ နှစ်ဖက်လွှသူလျှိုလေလား၊ အောင်သင်း၊ မောင်ဝံသ၊ လူထုစိန်ဝင်း၊ သိန်းအေးစိုးအုပ်တို့၏ ဆောင်းပါးများ၊ အခြားပညာရေး၊ ကျန်းမာရေး၊ IT နည်းပညာများ၊ အားကစားသတင်းနှင့် ပြည်တွင်းပြည်ပ ထူးခြားသတင်းများကို စုံစုံလင်လင်တင်ပြထားသည့် Envoy Infotainment Journal အမှတ်(၃)ကို အမှတ်(၄) A မြေနီကုန်း ပလာဇာရှိ Envoy ဂျာနယ်တိုက် ဖုန်း-၅၁၂၇၇၁မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မီးမှန်သမျှ သုံးတတ်က မချမ်းသာ စဥ်ကင်းဝေး

# မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

(16-2)07.pmd 1 2/16/2010, 2:52 AM

## အမှာစကား ပြောကြား

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းများ ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)





# (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းများပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက် ကျန်းမာရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ကြိုဆိုရေးနှင့်ပို့ဆောင်ရေး ဆပ်ကော်မတီ၊ နေရာချထားရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ညစာစားပွဲ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲတည်ခင်းဧည့်ခံရေး ဆပ်ကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူတို့က ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၂-၂၀၁၀ (အင်္ဂါနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | "အစွန်းလွတ်မှ မဇ္ဈိမ" တရားတော်(ဆရာတော် ဘဒ္ဒန္တသောဘန) |
| ၆း၅၀ | ကလောမှာထင်ရှား "ရွှေဥမင်ဘုရား" |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည့်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၂၃)** |
| ၈း၃၀ | Sports World |
| ၈း၅၅ | Activities In The City (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သက်ကြီးပူဇော်ပွဲ) |
| ၉း၁၅ | တပို့တွဲလမှာဆင်နွှဲ မြတ်လေးရုံကျောင်း၏ပွဲ |
| ၉း၃၀ | Sunday Talk |
| ၁၀း၂၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အတိတ်၏အရိပ်) |
| ၁၀း၅၅ | လှပသောအနာဂတ် ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော် |
| ၁၁း၁၅ | ဖိတ်ခေါ်မောင်မြန်မာ(ကျား/မ) စက်ဘီးပြိုင်ပွဲအကြိုညှိနှိုင်း ဆွေးနွေးပွဲ |
| ၁၁း၃၅ | Activities In The City - မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း၏ နှစ်ပတ်လည် စာတမ်းဖတ်ပွဲဒသနိကဗေဒ မိသားစုအာစရိယပူဇော်ပွဲ |
| ၁၂း၁၀ | Vancouver 2010 Olympic Winter Games |
| ၁း၀၀ | "အစွန်းလွတ်မှ မဇ္ဈိမ" တရားတော်(ဆရာတော် ဘဒ္ဒန္တသောဘန) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၅၀ | Fashion Music Festival (လန်းတဲ့ကမ်းခြေ) |
| ၃း၂၀ | Activities In The City (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သက်ကြီးပူဇော်ပွဲ) |
| ၃း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည့်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၂၃)** |
| ၄း၁၀ | ဖိတ်ခေါ်မောင်မြန်မာ(ကျား/မ) စက်ဘီးပြိုင်ပွဲအကြိုညှိနှိုင်း ဆွေးနွေးပွဲ |
| ၄း၄၅ | ကောင်းကင်နှင့် ကောင်းကင်တစ်ခြမ်း |
| ၅း၀၀ | ဟိုတယ်လမ်းညွှန် (Pacific Hotel) |
| ၅း၁၅ | တပို့တွဲလမှာဆင်နွှဲ မြတ်လေးရုံကျောင်း၏ပွဲ |
| ၅း၃၀ | Cartoon Show Time (TOY STORY) |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | World of Knowledge (Funniest Animal) |
| ၆း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (Traders Staff Party) |
| ၇း၀၀ | Fashion Music Festival (လန်းတဲ့ကမ်းခြေ) |
| ၇း၃၀ | Celebrity Style (သရုပ်ဆောင် ချစ်စနိုးဦးနှင့် တွေ့ဆုံခြင်း) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၄၀ | Cartoon Show Time (TOY STORY) |
| ၉း၂၀ | ဟိုတယ်လမ်းညွှန် (Pacific Hotel) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည့်နူးဝေဖြာ မေတ္တာကမ္ဘာ"(အပိုင်း-၂၃)** |
| ၁၀း၀၀ | သင်ကြားရေးလမ်းညွှန် (LASALLE- College of the Arts) |
| ၁၀း၂၅ | Celebrity Style (သရုပ်ဆောင် ချစ်စနိုးဦးနှင့် တွေ့ဆုံခြင်း) |
| ၁၀း၅၅ | ရန်ကုန်မြင်ကွင်းကျယ် (Traders Staff Party) |
| ၁၀း၀၅ | လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ) |
| ၁၁း၂၀ | မြတ်စိန္တေကိုရည်စူးလို့ အလင်းတိုင်နှင့် ပူဇော်မယ် |
| ၁၁း၃၅ | မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ |
| ၁၁း၅၀ | စက္ကူလွှင့်လွှင့် ပန်းယဉ်ယဉ် အလှဆင်စေချင် |
| ၁၂း၀၀ | ကဏ္ဍစုံလင်အားကစား အစီအစဉ် |
| ၁း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

Barclays Premier League **ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၁၀ | Stoke City - Man City | STAR SPORTS(Live) |
| | Stoke City - Man City | MRTV-4(Live) |





**မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)တို့ ပူးပေါင်းဖွင့်လှစ်သော အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေး နည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေးအသိပညာပေး နည်းပြသင်တန်းအမှတ်စဉ်(၁/၂၀၁၀)ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)တို့ ပူးပေါင်းဖွင့်လှစ်သော အရွယ်မရောက်သေးသူ ကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေးနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ UNICEF၊ UNDP၊ ILO; World Vision(Myanmar)နှင့် Save the Children(Myanmar)တို့မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### သင်တန်းသား ၄၀ တက်ရောက်

အဆိုပါ သင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန တို့မှ သင်တန်းသား၊ သင်တန်းသူ အရာရှိ ၄၀ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်များ ရန်ကုန်မြို့တွင်း လှည့်လည်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (COCI) အောက်ရှိ ယဉ်ကျေးမှုဆပ်ကော်မတီ (SCC)က ကြီးမှူးကျင်းပသည့် အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ရိုးရာအကပုံစံများဆိုင်ရာ လေ့ကျင့်ပေးရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော အာဆီယံနိုင်ငံအသီးသီးတို့မှ ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဖံ၊ အမျိုးသားစာကြည့်တိုက်ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် အဆိုပါကိုယ်စားလှယ်များသည် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသား ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ရွှေတိဂုံစေတီတော်သို့လည်း သွားရောက်ဖူးမြော် ကြည်ညိုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် မြောက်ဦးမြို့အဝင် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မြောက်ဦးမြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် လိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မြောက်ဦးမြို့၌ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနတာဝန်ခံများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးက ဝန်ဆောင်မှုကောင်းအောင် ဆောင်ရွက်ရေး၊ ဝင်ငွေပိုမိုရရှိရေး၊ အသုံးစရိတ်ချွေတာရေး၊ ဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအနေဖြင့် အရည်အချင်း အစဉ်တိုးတက်အောင်၊ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းကြရေး၊ လုပ်ငန်းတာဝန်များကို စည်းလုံးညီညွတ်စွာ ထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် စစ်တွေမြို့ ဆပ်ရိုးကျချောင်း အဝင်ရေလမ်းကြောင်း အခြေအနေ၊ ဆိပ်ကမ်း၌ ရေယာဉ်များ ဆိုက်ကပ်နေမှု၊ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စစ်တွေသင်္ဘောကျင်း၌ ရေယာဉ်များ လွန်းတင်ပြင်ဆင်နေမှုနှင့် ဖောင်တော်ကြီး ဆိပ်ခံတံတား၌ ကမ်းရိုးတန်းသွား ရေယာဉ်များ၏ ကုန်တင်ကုန်ချလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် စစ်တွေလေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေလေဆိပ်၌ လေယာဉ်များဆင်းသက်နေမှု၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားရာနေရာ၊ လေဆိပ်အဆောက်အအုံနှင့် လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လေဆိပ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်စေရန်အတွက် စီမံချက်ချဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လေဆိပ်လုံခြုံရေးအတွက် ဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





## ကြည့်ရှုစစ်ဆေး

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေမြို့ဆိပ်ကမ်းတွင် ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ရန်ကုန်မြို့၌ ဝန်ထမ်းများနှင့် တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စက်သုံးဆီအရောင်းဆိုင်များကို ပုဂ္ဂလိကများသို့ လွှဲပြောင်းရာ၌ စနစ်တကျရှိရေးနှင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား တိတိကျကျ လိုက်နာသွားကြရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်း ရောင်းဝယ်ရေးအရာရှိများ၊ တိုင်းအတွင်းရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်များမှ ဆိုင်မန်နေဂျာများနှင့် တာဝန်ရှိသူများ၊ CNG အထွေထွေမန်နေဂျာနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များမှ ဆိုင်တာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ဝန်ကြီးသည် အိန္ဒိယ သမ္မတနိုင်ငံ ANNAI BIO-CROP(P) Ltd. မှ Mr. I. Michael Raj ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး အစားထိုးဇီဝလောင်စာဆီ ထုတ်လုပ်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဒေါက်တာတင်အောင်အေးတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ (၇) အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာအထူးအယူခံမှု သုံးမှုနှင့် ယင်းဥပဒေပုဒ်မ (၈) အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု တစ်မှု စုစုပေါင်း လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမှာစကား ပြောကြား

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ရန်ကုန်မြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)





## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၆-၂-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "ပြင်ဦးလွင် ပန်းမြို့တော်ဆီသို့"
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ "တက္ကစီမီတာသင်လိုရာ"
- ၈း၅၅ ၁၁။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄း၁၅ ၃။ အရေးပြိုင်ပွဲ
- ၄း၂၀ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄း၃၀ ၅။ ၂၀၁၀ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ တေးဂီတအစီအစဉ်
- ၅း၁၀ ၈။ "ရှင်သန်ခြင်း"
- ၅း၃၀ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅း၄၅ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၃။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၃၀ ၁၄။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (အပိုင်း-၃၅)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)
- ၁၈။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (စစ်ကိုင်းတိုင်း)
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (အပိုင်း-၂၆)**
- ၂၂။ **"ရုပ်ရှင်ပဟေဠိ"**
- ၂၃။ အစီအစဉ်ပြီး၏။

# ဒို့ကျေးရွာဂျာနယ် ထွက်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၄)ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် နွေစပါးအထွက်နှုန်း မကျဆင်းရေး ပေါင်းမြက်ကာကွယ်နှိမ်နင်းပေး၊ ယာမှ လယ်ပြောင်း ဒို့ကံကောင်း၊ တန့်ဆည်မြို့နယ်မှ အောင်မြင်နေသော ကုလားပဲစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကျွဲ၊ နွားများနှင့် ကပ်ပါးပိုးအန္တရာယ်၊ မျိုးညှံ့များ မျိုးမပွားအောင်၊ ဆိတ်အုပ်ဖြစ်ချင်လိုပါလျှင် ဆိတ်မတစ်ကောင်မွေး၍ ပွားပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ အနာကြီးရောဂါ ကြောက်ဖို့မလို ကုသရန်သာလိုပါသည်၊ ကြိုတင်ကာကွယ် ကင်ဆာရောဂါအန္တရာယ်၊ ဘူးပင်နှင့်ဆေးအသုံး၊ ကျေးလက်တောရွာမချန်ပါ တွေ့အောင်ရှာပါ တီဘီရောဂါ၊ ၁၀ တန်းဖြေမည့် ကျောင်းသားများ ကျန်းမာရေးအတွက် အလေးထားဖွယ်ရာများ၊ အာဟာရကြွယ်သည့် ကိုက်လန်ရွက်စသည့် ကျန်းမာရေးဆောင်းပါးများ၊ သဒ္ဓါရှင်လန်း အလှူပန်းများ လန်းဆန်းဝေဖြာ ခုချိန်ခါ၊ ပညာပန်း ပွင့်လန်းဝင့်ထည်ဆားလင်းကြီးမြို့နယ် စသည့်အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး ပို့ကုန်တင်ပို့သော နိုင်ငံအဖြစ်ရောက်ရှိ၊ ဗီယက်နမ်နိုင်ငံ၏ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ကမ္ဘာနှင့်အညီ မြင့်တင်မည်၊ ဆော်ဒီအာရေဗျနိုင်ငံအကြောင်း သိကောင်းစရာ၊ ၂၀၁၀ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမည်စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ကျွန်တော်တို့လည်း ဒီထက်ပိုပြီးတော့ အများကြီးကြိုးစားသွားပါမယ်ဆိုတဲ့ အကယ်ဒမီ ခန့်စည်သူနှင့်တွေ့ဆုံခြင်း၊ အဆိုတော်အဖြစ်ပဲ ပိုသိစေချင်ပါတယ်ဆိုတဲ့ ရတနာမိုင်စသည့် အနုပညာသတင်းများ၊ ညောင်ပင်တစ္ဆေဝေလေလေ အခန်းဆက် ဝတ္ထုရှည်တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၆-၂-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ အကြင်နာလက်တစ်စုံ
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူ့မေတ္တာ (အပိုင်း-၂၁)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေး
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရုဏ်ဦးအချစ် (အပိုင်း-၃၂)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

# ပထဝီဝင်မိသားစုများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပထဝီဝင်မိသားစုများ၏ အသက် (၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ပေးပါရန်နှင့် မိတ်ဆုံညစာစားပွဲကို ယင်းနေ့ ညနေ ၄ နာရီတွင် Western Park (အလုံ)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို နီးစပ်ရာ တက္ကသိုလ်၊ကောလိပ်များရှိ ပထဝီဝင်ဌာနမှ ဆရာ၊ ဆရာမများထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

# ပထမအကြိမ် မြန်မာ-ဆူဒန် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**ပထမအကြိမ် မြန်မာ-ဆူဒန် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲကို ဆူဒန်သမ္မတနိုင်ငံ ခါတွန်မြို့၌ ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ali Ahmed Katri ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။**

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကုလသမဂ္ဂ ဘက်မလိုက်လှုပ်ရှားမှုအပါအဝင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်ကြရေးအတွက် ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ယင်းဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ နေ့လယ်စာစားပွဲသို့ ခါတွန်မြို့ရှိ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းအာရှနိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများလည်း တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၆ ရက်တွင် ဆူဒန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Deng Alor Kuol (SPLM)အား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။ ထိုနေ့တွင်ပင် ဆူဒန်စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mrs. Anglin Jang Teny အား ၎င်း၏ ရုံးခန်း၌ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဆူဒန်နိုင်ငံ၌ ရောက်ရှိနေစဉ် ဆူဒန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲသို့လည်း သွားရောက် လေ့လာကြည့်ရှုခဲ့သည်။ ထို့အပြင်ဆူဒန်ကုန်သည်ကြီးများအသင်းအတွင်းရေးမှူးချုပ်နှင့် လည်းကောင်း၊ ဆူဒန်နိုင်ငံ Danfodio Holding မှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အလားအလာများကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

# အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ရိုးရာအကပုံစံများဆိုင်ရာ လေ့ကျင့်ပေးရေး အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (COCI) အောက်ရှိ ယဉ်ကျေးမှုဆပ်ကော်မတီ (SCC)က ကြီးမှူးကျင်းပသည့် အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ရိုးရာအကပုံစံများဆိုင်ရာ လေ့ကျင့်ပေးရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ နိုင်ငံအလိုက် စာတမ်းများ ဖတ်ကြားခြင်း၊ နိုင်ငံအလိုက် ရေးဆွဲခဲ့သော ကကွက်များ၏ ပုံဆွဲပုံကြမ်းများ (Sketch Drawing of Dance Pattern)ကို နိုင်ငံအလိုက် ကိုယ်စားလှယ်များက တင်ပြခြင်းနှင့် ဆွေးနွေးခြင်း အစီအစဉ်များကို ဆောင်ရွက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းက ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အကြံပေးပုဂ္ဂိုလ် ဦးအောင်သွင်က ဆောင်ရွက်သည်။

နံနက်ပိုင်းတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့မှ စာတမ်းရှင်လေးဦးတို့က စာတမ်းများ ဖတ်ကြားကြပြီး မွန်းလွဲပိုင်းတွင် မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ စာတမ်းရှင်သုံးဦးတို့က စာတမ်းများဖတ်ကြားကြသည်။ ထို့နောက် တက်ရောက်လာကြသောကိုယ်စားလှယ်များက စာတမ်းများနှင့်စပ်လျဉ်း၍ ကကွက်များကို ပုံကြမ်း (Sketch drawing)ဖြင့် ရေးဆွဲတင်ပြရာ၌ တွေ့ရှိရသော အခက်အခဲများနှင့် အကြံပြုချက်များကို ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံမှ Resource Person ဦးအောင်သွင်က ဦးဆောင်၍ နိုင်ငံတိုင်းတွင် အသုံးပြုနိုင်မည့် ကကွက်တစ်ကွက်ခြင်းနှင့် ကကွက်အဆင့်ဆင့်ကို ရေးဆွဲမှတ်တမ်းတင်နိုင်မည့် Sketch drawing ပုံစံကို ဝိုင်းဝန်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ လက်တွေ့ရေးဆွဲမှတ်တမ်းတင်ခြင်း အစီအစဉ်တွင် ကိုယ်စားလှယ်များက အုပ်စုနှစ်စုခွဲ၍ ဒုတိယနေ့တွင် ဆွေးနွေးဖော်ထုတ်ခဲ့ကြသည့် နည်းလမ်းကို အသုံးပြုကာ မိမိတို့၏ ရိုးရာအကတစ်မျိုး၏ ကကွက်အဆင့်ဆင့်ကို ရေးဆွဲကြသည်။

ထို့အပြင် ကကွက်များ၏ ပုံကြမ်း (Sketch drawing) များတွင် တွေ့ရှိရသော အားသာချက်နှင့် အားနည်းချက်များကိုဆွေးနွေး၍ အတည်ပြုမှတ်တမ်းတင်ခဲ့ကြသည်။

ညပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံ အာဆီယံ ယဉ်ကျေးမှုဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက သင်္ဂဟဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ဆွေးနွေးပွဲကျင်းပ

**အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ရိုးရာအကပုံစံများဆိုင်ရာ လေ့ကျင့်ပေးရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပစဉ်။**

(သတင်းစဉ်)

# ပြည်သူ့ထံမှ ပေးစာများ

## လမ်းနှင့် စကြံပေါ်ဈေးရောင်းချမှု ရှင်းလင်းပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် အနော်ရထာလမ်း တစ်လျှောက်နှင့် လူစည်ကားရာ လူသွားစကြံတို့တွင် သံထည်ပစ္စည်းများ ခင်းကျင်းရောင်းချခြင်း၊ ဆေးသုတ်လုပ်ငန်းများ လုပ်ကိုင်နေခြင်း၊ ကွမ်းယာနှင့် အခြားပစ္စည်းများ ရောင်းချနေခြင်းတို့ကြောင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူများ**

## ဖိနပ်လုပ်ငန်းဆူညံ အနံ့ဆိုးနံ့

**စာတည်းရှင့်-**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သုမာလာ(၁၈) လမ်းတွင် ဖိနပ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ လုပ်ငန်းသုံးပစ္စည်းများဖြစ်သော တင်ဒါ၊ အရက်ပြန်၊ သားရေဆိုးပြားများနှင့် ဓာတ်ဆီများ သိုလှောင်အသုံးပြုလျက်ရှိရာ အနံ့ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေကြရပါသဖြင့် ကျန်းမာရေးထိခိုက်စေပါသည်။ ထို့အပြင် ညဉ့်နက်သည်အထိ ဖိနပ်ထုရိုက်သံ၊ အလုပ်လုပ်သူများ၏ ဆူညံသံများကြောင့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေး မကောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

## လမ်းနှင့်စကြံပေါ်ရှင်းလင်းစေလို

**စာတည်းရှင့်-**

မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးရှေ့ရှိ လမ်းနှင့် လူသွားစကြံများပေါ်တွင် နံနက်မှ ညနေအထိ စည်းကမ်းမဲ့ ဈေးရောင်းလျက်ရှိရာ ယာဉ်နှင့် လမ်းသွားလမ်းလာများ ကောင်းစွာ မောင်းနှင်သွားလာ၍ မရပါသောကြောင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသွားတစ်ဦး**

## စက်သံဆူညံ

**စာတည်းရှင့်-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၉)ရပ်ကွက် စည်ပင်လမ်း ကျန်းမာရေးမှတ်တိုင်အနီးရှိ ဆိုင်တစ်ဆိုင်သည် လုပ်ငန်းသုံးစက်ကြီးကို နေ့ညအသုံးပြုလျက်ရှိရာ မီးခိုးများ၊ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

## ရေမြောင်းအတွင်း မိလ္လာရေများစီးဝင် ပတ်ဝန်းကျင်ညစ်ညမ်း

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစာတိုက်အနီး သူရသတီလမ်းအတွင်းရှိ တိုက်ခန်းတွဲနှစ်လုံးကြားမှ ရေမြောင်းအတွင်းသို့ တိုက်ခန်းတွဲ(အေ)၏ မိလ္လာကန်မှ မိလ္လာရေများစိမ့်ထွက်စီးဝင်နေခြင်းကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။ အထူးသဖြင့် တိုက်(ဘီ) အတွင်းဘက်အခန်းများတွင် နေထိုင်သူများ၊ ထိုရေမြောင်းစီးဆင်းရာ လမ်းတစ်လျှောက်မှ လူနေအိမ်များ နေ့စဉ်အနံ့ဆိုးများ ရှူရှိုက်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

## မိလ္လာတွင်းများကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာ(၈)လမ်းနှင့် ဘုမ္မာ(၇)လမ်းအတွင်း လူနေအိမ်များသည် အိမ်ခြံဝင်းအပြင်၌ မိလ္လာတွင်းများထားရှိကြရာ ပြည့်လျှံယိုစီးခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ အညစ်အကြေးနှင့် အနံ့အသက်ဆိုးများကင်းစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

## ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

## ကွမ်းသီးရေပုပ်နှင့် အနံ့ဆိုး ရှင်းလင်းပြီးစီး

၁၇-၁-၂၀၁၀ နေ့ထုတ် ကြေးမုံသတင်းစာပါ မုံရွာမြို့ အေးသာယာရပ် ငါးဆူဘုရားလမ်းမှ **ကွမ်းသီးရေပုပ်နှင့် ကန့်မီးရှို့အနံ့ဆိုးနံ့**ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

## ဆန်စက်ဘွိုင်လာ အညစ်အကြေးရေများ ရှင်းလင်းပြီးစီး

၁၇-၁-၂၀၁၀ နေ့ထုတ် ကြေးမုံသတင်းစာပါ ပြည်မြို့နယ် ပေါင်းတလည် အရှေ့ပိုင်းကွက်သစ်မှ **ဆန်စက်ဘွိုင်လာ အညစ်အကြေးရေများထွက် သောက်သုံးရေတွင်းပျက်** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## အာရှခြင်္သေ့မျိုး ထိန်းသိမ်းစောင့်ရှောက်ရန် အဆင့်မြင့် နည်းပညာသုံးကိရိယာများ သုံးစွဲမည်

ဘာသာပြန်-ရောမောင်

**အာမီဒါဘက် ဖေဖော်ဝါရီ ၁၅**

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် အာရှခြင်္သေ့မျိုး ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် အဆင့်မြင့်နည်းပညာသုံး ကိရိယာများသုံးစွဲကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

အာရှခြင်္သေ့ကို ပါရှားခြင်္သေ့ သို့မဟုတ် အိန္ဒိယခြင်္သေ့ဟူ၍လည်း ခေါ်တွင်ပြီး ယနေ့ကာလတွင် **စာမျက်နှာ ၇ ကော်လံ ၅ သို့ ☆**

## မီးဖို မီးကြွင်း မီးကျန်သတိပြုရန် နှိုးဆော်ချက်

- **သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။**
- **သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကိုချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။**
- **မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။**



**မူလတန်းကျောင်းဆောင်သစ်**

**အသစ်ဆောက်လုပ်ပြီးစီးသွားသော ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (မူလတန်းကျောင်းဆောင်သစ်)ကို တွေ့ရစဉ်။**

## ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ၏ အလှူကျက်သရေဆောင် မူလတန်းကျောင်းဆောင်

"အချိုမြိန်ဆုံးသော ဘဝရဲ့အလင်းရောင် ပညာဆီမီးတန်ဆောင် ဒို့ရပ်ရွာရဲ့ အလှူကျက်သရေဆောင် မူလတန်းဆောင်"

မြင်းကကုန်းကျေးရွာ အထကမှ ကျောင်းစာရေးကြီးဦးမြင့်သန်း၏ တေးစာသား အစ၊ မြင်းကကုန်းရွာသား မောင်ဖြိုးဝေအောင်၏ သံသာငြိမ့်ညောင်းသော **စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆**

**သတင်းဆောင်းပါး**
**တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**တတ်ပုံ-ငွေးဝင်း(ရုပ်မြင်)**
**အဆင်အပြင်-ဟံသာထွန်း**